ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ သောကြာနေ့၊ (2-7-2004) (၄၂၈၂)

မာတာပိတု ဥပဋ္ဌာနံ၊ တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြား

ရန်ကုန် ဇူလိုင် ၁

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ
The Mirror

၂-၇-၂၀၀၄
(သောကြာနေ့)

ဒေသစီးပွား လူမှု ဖွံ့ဖြိုးရေးအကျိုးပြု တနင်္သာရီတိုင်း ဘုတ်ပြင်းလေဆိပ်သစ် ဖွင့်လှစ်

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့သည်နှင့်အမျှ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာပြီး ဒေသ၏စီးပွားရေးအခြေအနေများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ထို့အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများသည်လည်း တစ်ပြိုင်တည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းပန်းဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ **စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်သွယ်ရေးသည် အရေးကြီးကြောင်း၊ ဆက်သွယ်ရေးဆိုရာတွင် ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းနှင့် ကြေးနန်းဆက်သွယ်ရေးကိုပါ ဆိုလိုကြောင်း၊ စီးပွားရေးတိုးတက်ရန် လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း** လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအလိုက် ရေကြော၊ မြေကြော ဆက်စပ်လာမှု တိုးတက်ကောင်းမွန်ရေးအစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မော်တော်ကားလမ်း၊ ရထားလမ်းများကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ထို့အပြင် လေယာဉ်ကွင်းသစ်များ ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းအဟောင်းများကို အဆင့်တိုးမြှင့်ခြင်း၊ မြစ်ကူး၊ ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ သဘော်ဆိပ်ခံတံတားများ တည်ဆောက်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့ ဘုတ်ပြင်းလေဆိပ်ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၇ရက်နေ့က အဆိုပါလေယာဉ်ကွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်မိန့်ခွန်းပြောကြားပြီး ဘုတ်ပြင်းလေယာဉ်ကွင်း ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

တနင်္သာရီတိုင်းတွင် ယခင်က မြိတ်လေယာဉ်ကွင်း၊ ထားဝယ်လေယာဉ်ကွင်းနှင့် ကော့သောင်းလေယာဉ်ကွင်းတို့သာ ရှိခဲ့သည်။ ယခုနိုင်ငံတော်က တနင်္သာရီတိုင်း၏ စတုတ္ထမြောက် ဘုတ်ပြင်းလေယာဉ်ကွင်းကို ထပ်မံဖွင့်လှစ်နိုင်သည့်အတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်လွယ်ကူလာမည်ဖြစ်သည်။

ဘုတ်ပြင်းလေယာဉ်ကွင်းကြီးသည် ဘုတ်ပြင်းမြို့ တောင်ဘက်ကိုးမိုင်ခန့်အကွာ ချောင်းကရုက်ကျေးရွာအနီးတွင် တည်ရှိသည်။ လေယာဉ်ပြေးလမ်းမှာအရှည်ပေ ၁၀၀၀၀၊ အကျယ်ပေ ၁၀၀ ရှိသော ကွန်ကရစ်ခင်းလေယာဉ်ပြေးလမ်းအမျိုးအစားဖြစ်ပြီး မြန်မာ့တပ်မတော်အင်ဂျင်နီယာများကိုယ်တိုင် ဦးစီးတည်ဆောက်ခဲ့သည့် မြန်မာ့လက်ရာလေယာဉ်ကွင်းကြီးဖြစ်သည်။

ဘုတ်ပြင်းမြို့သည် ပင်လယ်ထွက်ပေါက်တစ်ခုတည်းကိုသာ အားကိုး၍ သွားလာခဲ့ကြရသည်။ အဆိုပါ ပင်လယ် ထွက်ပေါက်လမ်းကြောင်းသည်ပင် ဒီရေအတက်အကျပေါ်မူတည်၍ သွားလာခဲ့ရခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်က ကားလမ်းသစ်၊ လေယာဉ်ကွင်းသစ်များကို တိုးချဲ့တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိရာ ပြည်သူများ ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းလမ်းများဖြင့် လွယ်လင့်တကူ ကူးသန်းဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အကျိုးပြု ဘုတ်ပြင်းလေဆိပ်သစ်ကို ထပ်မံဖွင့်လှစ်ပေးခဲ့ပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက လေယာဉ်ကွင်းသစ်ကြီး ရေရှည်တည်တံ့ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင်ရေစက်ချပွဲ

ရန်ကုန် ဇူလိုင် ၁

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိရန်ကုန်ဌာန၊တိပိဋကကျောင်းတော် အမှတ်၁၂ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် နဝမအကြိမ် ရာသက်ပန်ဆွမ်းပဒေသာပင်(၁၀၀၀)ပြည့် ရေစက်ချပွဲအခမ်းအနားကို ဇူလိုင်၂၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆွမ်းပဒေသာပင်အလှူရှင်များ တက်ရောက်ကြရန်နှိုးဆော်ထားသည်။ (က-ပ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ယင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်မြင့်ဦးအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသော အပေါ့စား စက်ခေါင်းသုံးခေါင်း စစ်ကိုင်းသင်္ဘောပေါ်မှ ချယူနေသည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အပေါ့စားစက်ခေါင်းများ သင်္ဘောပေါ်မှချယူမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့နံနက် ၉နာရီတွင် ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသော ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ အသုံးပြုမည့် အပေါ့စားစက်ခေါင်းသုံးခေါင်းကို ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ASIA WORLD ဆိပ်ကမ်း၌မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း စစ်ကိုင်းသင်္ဘောပေါ်မှ ချယူမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အပေါ့စားစက်ခေါင်းသုံးခေါင်းကို FOB စနစ်ဖြင့် ဝယ်ယူခဲ့ပြီး ဂျပန်နိုင်ငံ NAGOYA ဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုရောက်ရှိလာသော အပေါ့စားစက်ခေါင်းသုံးခေါင်းကို ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး ရထားလမ်းပိုင်းတို့တွင် ခရီးသည်များအဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ရန် အသုံးပြုပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ အပေါ့စားစက်ခေါင်းများသည် မြင်းကောင်ရေ ၂၅၀ အားရှိကြောင်းနှင့် စက်ခေါင်းပေါ်တွင် ခရီးသည် အဖြစ်ထိုင်ခရီးသည် ၃၆ဦး၊ ရပ်ခရီးသည် ၅၆ဦး စုစုပေါင်း ခရီးသည် ၉၂ဦးတို့ စီးနင်းနိုင်သည်။ (သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ကလေး၊ဖလမ်း၊တွန်းဇံနှင့် ထန်တလန်မြို့များတွင်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁

နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (ကလေး) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း ကလေးမြို့၌ကျင်းပရာ ကလေးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးစိုးဇော်၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်နှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးတို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လေ့ကျင့်ပျိုးထောင်

ယင်းသင်တန်းကျောင်းတွင် ချင်းပြည်နယ်မြောက်ပိုင်းမှ အခြေခံပညာအထက်တန်းအဆင့်ရှိ ချင်းတိုင်းရင်းသား ကျောင်းသားများအား ပညာသင်ပြုစုလေ့ကျင့် ပျိုးထောင်ပေးသွားမည်ဖြစ်သည်။

အလားတူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဖလမ်း) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ ကျင်းပရာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းတို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (တွန်းဇံ) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်တွင် ချင်းပြည်နယ် တွန်းဇံမြို့၌ ကျင်းပရာ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနိုင်နှင့် တွန်းဇံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းတို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ထန်တလန်)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၃၀ရက်တွင် ချင်းပြည်နယ် ထန်တလန်မြို့၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော် တက်ရောက်ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

ဇူလိုင် ၁ရက်က မီးသတ်ဦးစီးဌာနချုပ်နှင့် ဗဟိုမီးသတ်သင်တန်းကျောင်းရှိ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင် သားသမီးများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲတွင်ညွှန်ကြားရေးမှူး (ဦးစီး) ဦးဇော်ဝင်းက ဗဟိုမီးသတ်သင်တန်းကျောင်းရှိ တပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်စဉ်။
(မီးသတ်ဦးစီး)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသော ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ

စောမုံညင်း

ဇွန်လ ၂၆ ရက်နေ့သည် စိတ်ချမ်းမြေ့ကြည်နူး ရသောနေ့ ဖြစ်ပါသည်။ အမျိုးသားဇာတ်ရုံတွင် နေရာလွတ်ခုံလွတ်မရှိ။ တက်ရောက်သူအားလုံး ရွှင်ပျနေကြသည်။ အဖြူရောင်လေ့ကားထစ်အဆင့်ဆင့်နှင့် စင်မြင့်သည် မီးရောင်အောက်တွင် လင်းလက်တောက်နေသည်။ မြန်မာအမျိုးသမီးလေး ၁၅ဦး၏ ပြည်တွင်းဖြစ် ရက်ထည် ဒီဇိုင်းသစ်များဖြင့် ကိုယ်ဟန်ပြရန် အကောင်ဆုံး စင်မြင့် ဖြစ်ပါသည်။

အခမ်းအနားမှူး ဒေါ်သန်းသန်းဝင်းက မြန်မာတို့၏ နူးညံ့ချောမွတ်ပါးလွှာသောပိုးထည်ချည်ထည်များအကြောင်းကို တအံ့တသြရေးသားခဲ့သည့် မစ္စတာဟာဗေးနှင့် ပါရှင်ကုန်သည်တို့၏ မှတ်တမ်းများကို တင်ပြသွားပြီး၊ စန္ဒရားသိန်းမြင့်သန်း တူရိယာအဖွဲ့နှင့် အဆိုတော် ယဉ်သီတာထွန်း၏ “ဒါတို့တိုင်းတို့ပြည်” ဇာတိမာန် သီချင်းဖြင့် ဖွင့်လှစ်ခဲ့သည်။ အနောက်တိုင်းမှ ထိုးဖောက်လာသော သရုပ်ပျက်ယဉ်ကျေးမှုများကို ရှောင်ရှားပြီး မိမိတို့၏ ရက်ကန်းထည်များဖြင့် ဒီဇိုင်းလှလှ အရောင်အသွေးစုံလင်စွာချုပ်လုပ်ထားပုံများကို ဤပြပွဲတွင် ပြသသွားရန် ဖြစ်သည်။ အဖွဲ့ချုပ်ကြီးကို ပံ့ပိုးသူများထဲတွင် ဗိုလ်ချုပ်ဈေး မြမာလာစတိုးမှ ဒေါ်စန္ဒာဝင်း၊ (Dozo Fashion Design Technical School) လှိုင်မြို့နယ်မှ ဒေါ်သီတာဝင်း၊ ပြည်တွင်းထည်နှင့် ချုပ်လုပ်သော ပိုက်ဆံအိတ်များ၊ ပုံတော်ဖိနပ်၊ ခုံမြင့်ဖိနပ်များကို ပံ့ပိုးပေးသည့် အင်းယားရိပ်သာလမ်း(Royal Rose)မှ ဒေါ်ကြင်မွှေး၊ မိတ်ကပ်အလှပြင် ကူညီပေးသော (Eros Health and Beauty Spa) ကမ္ဘာအေးဘုရားလမ်းမှ ဒေါ်ခင်လေးနွယ်၊ ကိုယ်ဟန်အလှပြ ကြီးကြပ်ပေးသူ ဒေါ်တင်မိုးလွင်၊ အစားအသောက်များဖြင့် ကူညီပေးသော ကြက်လျှာစွန်း(KSS Food Centre)မှ ဒေါ်အေးအေးညွန့်တို့ဖြစ်ပါသည်။

ချုပ်ထားသော ဒီဇိုင်းပုံစံသစ်များသည် အရောင်အသွေးစုံလင်၍ သရုပ်ဆောင်သူများနှင့် လိုက်ဖက်ခြင်းကြောင့် မိန်းမချောလေးတွေ ပိုပြီးကျက်သရေရှိလာသည်။ ဒီဇိုင်းအမည်များလည်း ပေးထားကြရာ တောင်ဇလပ်ပန်း၊ အင်းလေးဆည်ဆာ၊ မဟာဆန်သူ၊ မိုးသောက်ပန်း၊ ရာမညသမီးပျို၊ မနောဇကေရီ၊ ပတ္တမြားဒေဝီ၊ ယောပျိုဖြူ ပိတောက်ရွှေဝါ၊ ကျောက်စိမ်းမဟေသီ၊ တောင်လှေကားစသည်တို့ဖြစ်သည်။ ချင်းရိုးရာနှင့်ကချင်ရိုးရာအထည်များက အဆင်ဆန်းတွေ ပိုများလာသည်ကို တွေ့ရသည်။ စင်စစ် တိုင်းရင်းဖြစ်အထည်များ ဝတ်ရခြင်းသည် ပို၍ဈေးလည်း သက်သာ၊ ချပ်ချပ်ရပ်ရပ်လည်းရှိသည်။ ဒါတွေကို လူတိုင်းသိဟန်မတူပါ။ ဒီဇိုင်း(၃၀)ထဲတွင် ဗေဒါရောင်ပါသော်လည်း အမည်မတွေ့ရ။ ရင်ခတ်ပန်းသည် အရောင်ရင့် မဟုတ်ပါ။ အဝါသာဖြစ်သည်။

လက်စက၊ လက်ရှည်၊ ရင်စေ့၊ ပန်းကြယ်သီး၊ လည်တောင်နှင့် လည်ဟိုက်လည်း တော်ရုံသာဟိုက်ကြသည်။ ခါးမတိုမရှည်၊ အမြိတ်နားများကို ရင်နှင့်ကျော

ဒီဇိုင်းပေါ်အောင် ဖြတ်ညှပ်ချုပ်ထားသဖြင့် အမြင်ဆန်းသည်။ ဒီဇိုင်းထွင်သူ၏ ပန်းချီမျက်စိဆန်းကြယ်သလောက် ဝတ်ဆင်သူအဖို့ ဂုဏ်တက်ရသည်။

မြန်မာဆန်ဆန် ဆံပင်ကို သပ်ရပ်စွာဖြီး၍ မနိမ့်မမြင့် သင့်တော်ရုံ ပန်းများ ပန်ဆင်ခြင်းသည် အတင့်တယ်ဆုံး ဖြစ်ပါသည်။ ပန်းသရဖူကြီးတွေ အပုံလိုက်ပန်နိုင်မှ လှသည် မဟုတ်ပါ။ အဝတ်နှင့် လိုက်ဖက်သော ပန်းဖြစ်နိုင်က အကောင်းဆုံးပင်။ ဤပြပွဲ၌ တယ်လီဖုန်းဆံထုံးနှင့် ဆံကျစ်တွင် ပန်းပွင့်များ ကတော့ပုံစံ၊ ဖရင့်ချ်ရိုးခေါ် နောက်ဆံပင် လိပ်သော ရှေးပုံအချို့လည်း တွေ့ရသည်။ ချည်ထည်နှင့် ပိုးထည် ဒူးနား၊ ကန့်လန့်စင်း၊ မတ်တတ်စင်း၊ လက်ဖျားအနားကွပ်၊ ဘေးခွဲသော လက်ဖျားပုံစံများသည် နေ့စဉ် ရုံးတက်၊ ကျောင်းသွား၊ ပွဲထိုင်အတွက်လည်း တင့်တယ်ပါသည်။ မြန်မာအမျိုးသမီးလေးများကို ပြည်တွင်းဖြစ် အထည်များနှင့် ကျက်သရေရှိရှိ မြင်တွေ့ကြရပါသည်။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကျင်းပသည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပြည်တွင်းဖြစ် အထည် ဒီဇိုင်းသစ်များဖြင့် ကိုယ်ဟန်ပြနေသော မြန်မာအမျိုးသမီးကလေးများအားတွေ့ရစဉ်။

ထိုင်းပိုး၊ ကီမိုနို၊ ရွှေပါတိတ်ဝတ်နိုင်မှ ဂုဏ်ရှိသည် မဟုတ်ပါ။ တိုင်းရင်းဖြစ် အဆင်ဆန်းများ၊ ဒီဇိုင်း အသစ်ထွင်နိုင်ဖို့သာ အရေးကြီးသည်။ ကိုယ်တိုင်ချုပ်တတ်လျှင် ပို၍သက်သာမည်။ ယခင်က သင်းမြင့်အေး၊ မုဒုံရွှေဉသြ၊ ယုန်နှစ်ကောင် ရက်ကန်းအထည်များကို နိုင်ငံခြားကပင် သိပါသည်။

ပြပွဲကို နှစ်ပိုင်းခွဲထား၍ လှပျိုဖြူများ အဝတ်ဒီဇိုင်းသစ်များ လဲနေခိုက် တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေခြင်းကလည်း ကောင်းသောအစီအစဉ် ဖြစ်ပါသည်။

ပထမပိုင်းတွင် ပိန်းတန်းပုံတော်ဖိနပ်ဘော်ကြယ်ငွေချည်ထိုးများ စီးပြကြပြီး ဒုတိယပိုင်းတွင် တိုင်းရင်းဖြစ် အထည်များနှင့် ချုပ်လုပ်ထားသော မနိမ့်မမြင့်ခုံမြင့်ဖိနပ်ကလေးများစီးကြသည်။ အရုပ်မဆိုးပါ။ အတက်အဆင်းတွင် ပို၍လှပါသည်။

နှစ်နာရီအတွင်းဒီဇိုင်း (၃၀) ကို အချိန်ကိုက်ပြသွားနိုင်ကြသည်။ တက္ကသိုလ်ကျောင်းသူ ၁၅ဦးအနက် ရန်ကုန်တိုင်း လေးမြို့နယ်မှ ရှစ်ဦး၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ငါးဦးနှင့် မြို့တော်စည်ပင်မှ နှစ်ဦးကိုကြီးကြပ်သူများ၏ အစီအမံဖြင့် လှပစွာ တင်ဆက်နိုင်ခဲ့သည်ကို တွေ့ရသည်။

ပြပွဲနှင့်ဆီလျော်သော မလေးလက်ခတ်သံ၊ ဖက်ဖူးဆင်၊ မျက်ဝန်းလဲ့ပြာပြာ၊ ချစ်ရေစင်၊ မေတ္တာနုနု သီချင်းများကို ရွေးချယ်ပေးသောသူကိုလည်း ကျေးဇူးတင်မိသည်။ ယဉ်သီတာထွန်း၊ ရွှေယမင်းဦး၊ စိမ်းမို့မို့၊ သီတာမိုးနှင့် အိအိချွန်တို့၏ တေးသံများကလည်း ပြပွဲကို ဂုဏ်မြောက်စေပါသည်။ အဆိုတော်များကိုလည်း ပြည်တွင်းဖြစ်ထည်များဖြင့် ကျက်သရေရှိစွာ မြင်တွေ့ရသည်။

ဖိတ်ကြားထားသော ကျောင်းအုပ်ဆရာမကြီးများနှင့် တက်ရောက်လာကြသော မျိုးဆက်သစ်ကျောင်းသူလေးများ ပြည်တွင်းဖြစ်အထည်များကို ခုံမင်တွယ်တာမြတ်နိုးစွာ တန်ဖိုးထားပြီး ဝတ်ဆင်ကြရန် အချိန်တိုကာလအတွင်း တာဝန်ရှိသူများက စီစဉ်ပြသခဲ့ခြင်းဖြစ်ပါသည်။ ဆရာဟသ်ာတမြင့်ငွေ၏ **အင်အားသစ်များနှင့်အတူ** သီချင်းဖြင့် နောက်ဆုံးပိတ်ဂုဏ်ပြုသွားသောဒေါ်အယ်လ်ခွန်းရီ၏ တက်ကြွသောတေးသံကိုလည်းကြားခဲ့ရသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပံ့ပိုးသူအားလုံးကို နှုတ်ခွန်းဆက်ကာ ပြပွဲကော်မတီ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့သည်။

ဝေငှထားသော ကျေးဥရောင် စာစောင်ငယ်တွင် ဒီဇိုင်းများနှင့် သရုပ်ဆောင်သူများ၏ တင့်တယ်ဟန်ကို တွေ့ရသဖြင့် လက်ဆောင်တစ်ခုအဖြစ် အမှတ်တရ သိမ်းထားခဲ့သည်။ ပြပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့နှင့်အညီ ယဉ်သန့်ခံ့သော ဆင်ယင်ထုံးဖွဲ့မှုများနှင့် ချိုမြိန်သော တေးဂီတသံသာကို မြင်ရကြားရ၍ ဤပြပွဲကြီးကို **ရင်ငြိမ်းပန်းပြပွဲ**ဟုပင် ခေါ်လိုက်ချင်ပါတော့သည်။ ။

ရွှေနိုင်ငံ၏ သမီးကောင်းရတနာများ

သူဇာယမင်း၊ ဂုဏ်အချင်းကြောင့်
ချစ်ခြင်းမေတ္တာ၊ ကရုဏာနှင့်
ကြင်နာခဲ့ပေ၊ ဒို့မေမေအား
ရှိသေလေးစား၊ မြတ်တရားဖြင့်
မွေးဖွားသည်ချာ၊ ရတနာတို့
ပညာဆည်းပူး၊ ပန်းသို့ခူး၏။

ဖြူစင်မေတ္တာ၊ မြတ်သစ္စာဖြင့်
ခိုင်မာပြည့်ဖြိုး၊ တော်ဝင်မျိုးဟု
စိုးမိုးကြွယ်ဝ၊ ရွှေအလှဖြင့်
မြန်မာ့အားမာန်၊ ဖွံ့ဖြိုးရန်မို့
စီမံရေးရာ၊ အဖြာဖြာကို
မြန်မာအမျိုးသမီး၊ မြန်မာ့နည်းနှင့်
ဖွဲ့စည်းခဲ့ပေ၊ အမိမြေ၌
တာဝန်ကျေလျက်၊ လက်တွဲယှက်ခဲ့
ဆက်ကမ်းတည်ရစ်၊ မေမျိုးချစ်တို့
(၈) နှစ်သက်တမ်းပြည့်ခဲ့ပြီ။
ရွှေခေတ်နိုင်ငံ ထူထောင်မည်။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

ရွှေသာမောင်(ဟသ်ာတ)

၂၀၀၄ခုနှစ်၊ ဇူလိုင်လ (၃)ရက်
မြန်မာအမျိုးသမီးများနေ့
MYANMAR WOMEN'S DAY

မူးယစ်ဆေးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကမာရွတ် အမက(၂)၌ကျင်းပ

ရန်ကုန် ဇူလိုင် ၁

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ဇွန် ၂၄ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ အတန်းလိုက်၊ ကျောင်းကောင်စီအသင်းလိုက် လုပ်ဆောင်ကြရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

အောင်ဘာလေဆုကြီးများထွက်ပေါ်

ရန်ကုန် ဇူလိုင် ၁

(၁၈၆)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

ပ-၂၃၇၀၀၂

ကျပ်သိန်း ၅၀ ဆုများ

ဏ-၃၀၈၉၀၈
ဏ-၇၅၉၃၁၉
တ-၈၂၂၃၅၇
င-၉၃၈၀၈၆
ဝ-၄၂၇၄၀၁
သ-၄၂၇၀၆၅
မ-၆၄၈၁၄၈
ဠ-၇၈၈၂၉၅
င-၅၃၉၃၀၄
ဗ-၁၈၅၅၉၄

ကျပ် ၂၅ သိန်းဆုများ

ဈ-၅၂၄၆၂၃
ဒ-၉၅၇၆၄၅
ကဂ-၉၆၁၈၆၂
ဓ-၄၀၄၄၉၁
မ-၃၉၅၃၀၉
န-၈၇၄၆၅၁
ဓ-၆၆၉၆၀၅
ဏ-၅၈၀၃၄၇
ကက-၃၆၈၇၇၄
ဍ-၁၇၄၉၅၅
ဟ-၈၉၂၉၇၃
ဃ-၄၂၆၆၅၄

ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)

ဒ-၆၂၈၇၂၅
ဝ-၃၄၅၅၀၆
လ-၇၆၉၅၃၅
ဖ-၁၈၂၅၃၅
ဈ-၂၉၅၅၇၁
ဍ-၆၈၉၈၂၂
ဂ-၁၅၂၃၇၀
ပ-၇၂၆၅၁၄
တ-၄၃၈၅၉၁
ဎ-၉၆၃၈၉၈
င-၅၁၂၃၈၈
ဒ-၇၀၆၉၆၉
ဒ-၆၃၃၄၆၂
ဂ-၈၈၆၄၁၉
ပ-၅၅၉၈၇၀
ဠ-၁၀၇၈၇၉
ခ-၈၀၄၀၇၁
တ-၁၅၅၃၆၈
ဋ-၃၄၂၉၃၅

အီရတ်စစ်ပွဲသည် ကျူးကျော်မှုနှင့် ရာဇဝတ်မှုသာဖြစ်ကြောင်း ဗြိတိသျှငြိမ်းချမ်းရေးလှုပ်ရှားသူများ ပြောကြား

လန်ဒန် ဇွန် ၃၀

ဗြိတိသျှလေတပ်တွင် ရာဇဝတ်ပြစ်မှုဖြင့် စွဲချက်တင်ခံရပြီး ပြစ်မှုစီရင်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေသော ငြိမ်းချမ်းရေးတက်ကြွစွာလှုပ်ရှားသူ ငါးဦးက အီရတ်စစ်ပွဲ၏ တရားမဝင်မှုကို ထုချေမှုတစ်ရပ်အဖြစ် အသုံးချရန် အယူခံရုံးသို့ အင်္ဂါနေ့က တင်သွင်းခဲ့သည်။

အမိန့်ထုတ်ပြန်

အီရတ်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှု၏ တရားဝင်ဖြစ်မှုနှင့် ပတ်သက်၍ ဗြိတိသျှတရားရုံးများက ဆုံးဖြတ်ချက်ပေးသည့်အမိန့် ထုတ်ပြန်နိုင်ခြင်းမရှိသည့်နောက် ငြိမ်းချမ်းရေးအရ တက်ကြွစွာလှုပ်ရှားသူများ အနေဖြင့် ယင်းထုချေပိုင်ခွင့်ကို အသုံးမပြုနိုင်ကြောင်း ရာဇဝတ်တရားရုံးက ဧပြီလအတွင်းက ထုတ်ပြန်ကြေညာခဲ့သည်။

စောဒကတက်

သို့ရာတွင် တက်ကြွလှုပ်ရှားသူများက အယူခံရုံးသို့ တင်ပြခဲ့ခြင်းဖြစ်ပြီး အီရတ်စစ်ပွဲသည် ငြိမ်းချမ်းရေးကို ဖျက်ဆီးနေသည့် ရာဇဝတ်ပြစ်မှုဖြစ်ကြောင်း၊ စစ်ဖြစ်ပွားမှု ရပ်တန့်ကရပ်အောင် ၎င်းတို့က ကြိုးပမ်းဆောင်ရွက်နေကြကြောင်း စသည်ဖြင့် စောဒကတက် တင်ပြခဲ့ကြသည်။

အီရတ်စစ်ပွဲသည် ကျူးကျော်မှုဆိုင်ရာရာဇဝတ်ပြစ်မှုဖြစ်ပြီး အခြားနိုင်ငံတကာဆိုင်ရာ ပြစ်မှုများဖြစ်သည့် နှိပ်စက်ညှဉ်းပန်းမှု၊ လုယက်မှု၊ စစ်ရာဇဝတ်ပြစ်မှုများနှင့် လူသားချင်း ဖိနှိပ်မှုဆိုင်ရာ ဇဝတ်ပြစ်မှုများနှင့် တစ်တန်းတည်းရှိနေကြောင်း အဆိုပါ တက်ကြွလှုပ်ရှားသူများက ယုံကြည်နေကြသည်ဟု ၎င်းတို့၏ ရှေ့နေဖြစ်သူ ဂျိမ်း(စ်)လူးဝစ္စက အဖွဲ့ဝင်သုံးဦးပါဝင်သည့် တရားသူကြီးအဖွဲ့အားပြောကြားသည်။

ငြင်းဆိုထား

အဆိုပါ တက်ကြွလှုပ်ရှားသူများသည် လက်နက် ဖျက်သိမ်းရန်နှင့် အမေရိကန်ပြည်ထောင်စုမှ ဘီ-၅၂ ဗုံးကြဲလေယာဉ်များပျံသန်းမှု ရပ်ဆိုင်းစေရေးအတွက် အင်္ဂလန်အနောက်တောင်ပိုင်းဒေသရှိ လေတပ်စခန်းအတွင်းသို့ ၂၀၀၃ခုနှစ်က ဇွတ်အတင်းဝင်ရောက်ရန် သုံးကြိမ်ကြိုးပမ်းခဲ့မှုနှင့် စပ်လျဉ်း၍ စွဲချက်တင်ခံထားရသူများဖြစ်ကြသည်။ ၎င်းတို့အားလုံးက စွပ်စွဲချက်များကို ငြင်းဆိုထားပြီး ၎င်းတို့အား ယခုအချိန်တွင် အာမခံဖြင့် လွှတ်ထားခြင်း ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်သည့်ကြားနာမှုသည် နှစ်ရက်ကြာမည် ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်တွင်ကူဝိတ်တပ်ဖွဲ့များ ချထားရန် ရည်ရွယ်ချက်မရှိ

ကူဝိတ်စီးတီး ဇွန် ၃၀

ကူဝိတ် ဝန်ကြီးချုပ် ရှိတ်ဆာဘားအယ်လ်အာမက် အယ်လ်ဂျာဘားက ကူဝိတ်နိုင်ငံအနေဖြင့် အီရတ်တွင် ကူဝိတ်တပ်ဖွဲ့များကို ချထားရန် ရည်ရွယ်ချက် မရှိကြောင်း ပြောကြားခဲ့သည်ဟု ကူဝိတ်သတင်းဌာနက ကိုးကား၍ ဖော်ပြသည်။

မလိုလား

ကူဝိတ်စစ်ဘက်ဆိုင်ရာများ အီရတ်တွင်ရှိနေခြင်းအားဖြင့် အီရတ်များ၏ အထင်အမြင်လွဲမှားမှု၊ အမုန်းပွားမှုနှင့် ထိပ်တိုက်ရင်ဆိုင်လိုသည့် သဘောထားများ ဖြစ်ပေါ်လာမည်ကို မလိုလားကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်သွားရန် ဆန္ဒမရှိကြောင်း အယ်လ်ဆာဘားက ပြောကြားသည်ဟုဆိုသည်။ အီရတ်နိုင်ငံ၏မေတ္တာရပ်ခံချက်ကို တုန့်ပြန်သောအားဖြင့် မော်ရိုကို၊ ဘာရိန်းနှင့် အိုမန်နိုင်ငံများသည် ယင်းတို့၏တပ်ဖွဲ့များကို စေလွှတ်ချထားကြမည်ဟု သိရသည်။

အကူအညီပေး

ကူဝိတ်အနေဖြင့် အီရတ်နိုင်ငံအတွက် ဘဏ္ဍာရေး အကူအညီ ပေးသွားရန် ရှိပါသလားဟု မေးမြန်းသည်ကို အယ်လ်ဂျာဘားက မိမိတို့ထံသို့ ငွေကြေးအကူအညီပေးရန် တောင်းခံသော မေတ္တာရပ်ခံချက်မျိုးကို မရရှိပါဟု ဖြေကြားသည်။

တစ်ချိန်တည်းမှာပင် ကူဝိတ်နိုင်ငံက အီရတ်နိုင်ငံတွင် တည်တည်ငြိမ်ငြိမ် လုံလုံခြုံခြုံရှိနေသည်ကို လိုလားပါကြောင်း အယ်လ်ဆာဘားက ဆက်လက်ပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဇွန် ၂၈ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပြင်းထန်စွာ ဒဏ်ရာ ရရှိသွားသော ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးအား ပြုစုကုသနေသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂၈ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် နေတိုးထိပ်သီးအစည်းအဝေးကို ကန့်ကွက်ဆန္ဒပြသူတစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိသျှတစ်ဦး တိုက်ခိုက်ခံရသဖြင့်သေဆုံး

လန်ဒန် ဇွန် ၃၀

အီရတ်နိုင်ငံတွင်လုံခြုံရေးအတိုင်ပင်ခံတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်နေသည့် ဗြိတိသျှတစ်ဦး၏ကား ခြောင်းမြောင်းတိုက်ခိုက်ခံရသောကြောင့် ၎င်းမှာ သေဆုံးသွားကြောင်း နိုင်ငံခြားရေးရုံးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဝေလနယ်သား ဂျူလီယန်ဒေးဗီးစ်သည် အီရတ်နိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးရာတွင် ကူညီနေသူ တစ်ဦးဖြစ်ပြီး မိုဆူးလ်မြို့တွင် ဇွန် ၂၄ ရက်က သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဂျူလီယန်ဒေးဗီးစ် လုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီက ၎င်း၏ဆွေမျိုးများထံ သတင်းပေးပို့ခဲ့ပြီး ၎င်း၏အလောင်းကို ဗြိတိန်နိုင်ငံသို့ပြန်လည်ပို့ဆောင်ရန် စီစဉ်နေကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

သန်းပေါင်းများစွာသော အီရတ်များ အလုပ်လက်မဲ့ဖြစ်နေရ

ဝါရှင်တန် ဇွန် ၃၀

ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများ လုပ်ငန်းခွင် ပြန်ရောက်ရေးအတွက် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကို နည်းပညာစိုက်ပြီး လုပ်သားအင်အား များများသုံးသည့် စီမံကိန်းများဖြင့် အကောင်အထည်ဖော်သင့်ကြောင်းဖြင့် အမေရိကန်နိုင်ငံဆိုင်ရာ အီရတ်သံအမတ်ကြီးအဖြစ် လျာထားပြီးဖြစ်သူ ရင်းရာဟင်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အီရတ်ပြန်လည်တည်ဆောက်ရေးဆိုင်ရာမဟာဗျူဟာများကိုမိမိတို့ လုံးဝပြန်လည်စဉ်းစားရမည် ဖြစ်ကြောင်း၊ ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများအား အလုပ်အကိုင်ပေးပြီး အီရတ်ပြည်သူများ၏ အိတ်အတွင်းငွေကြေးရောက်ရှိကာ အီရတ်ပြည်သစ်တွင် သူတို့ပါဝင်လှုပ်ရှား ဆောင်ရွက်ခွင့်ပေးမည့် လုပ်အားများများ သုံးသည့် စီမံကိန်းများကို ဦးစားပေးရမည် ဖြစ်ကြောင်း ရင်းရာဟင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အီရတ်အစိုးရသစ်သို့ တနင်္လာနေ့က အာဏာလွှဲအပ်ကာ ဖျက်သိမ်းပစ်လိုက်သည့် ညွန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့သည် အရင်းအနှီးများများ စိုက်ထုတ်ပြီး အဆင့်မြင့် နည်းပညာသုံးစီမံကိန်းများကို ဦးစားပေးချမှတ်ခဲ့ကြောင်း ရင်းရာဟင်က ထောက်ပြလိုက်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပဏာမကန်ထရိုက်လုပ်ငန်းများကို အမေရိကန်နှင့် နိုင်ငံတကာကုမ္ပဏီများသာလျှင် ရရှိသွားသည့်အဓိပ္ပာယ်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အီရတ် ကန်ထရိုက်တာများမှာ လက်ဝေခံကန်ထရိုက်များထံမှ လုပ်ငန်းရရှိရန်ပင် အဆင့်မမီအောင် ဖြစ်ရကြောင်း ၎င်းက ပြောဆိုသည်။ ကျွမ်းကျင်မှုမရှိ၍ ထိုစီမံကိန်းများတွင် အီရတ်အနည်းငယ်သာအလုပ်လုပ်ကိုင်နိုင်ကြကြောင်း၊ ထို့ကြောင့် အရင်းအနှီးများပြီး နည်းပညာ မြင့်မားသည့် အခြေခံ အဆောက်အအုံစီမံကိန်းများအတွက် ဒေါ်လာဘီလျံနှင့်ချီ၍ သုံးစွဲခြင်း၊ သို့မဟုတ် လျာထားသတ်မှတ်ခြင်းပြုသော်လည်း ကျွမ်းကျင်မှု မရှိသည့်အတွက် သန်းပေါင်းများစွာသော အီရတ်များမှာ အလုပ်လက်မဲ့ဘဝ၌သာ နေထိုင်ကြရကြောင်း ၎င်းကပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ငတ်မွတ်မှုနှင့် ဖန်လုံအိမ်ပူနွေးမှုက စွမ်းအားမြင့်လက်နက်များထက် ပိုအန္တရာယ်ရှိ

ဗီယင်နာ ဇွန် ၃၀

အစုအပြုံလိုက်သေစေနိုင်သည့်အတွက် အဖျက်စွမ်းအားမြင့်မားသော လက်နက်များ ပြန့်ပွားခြင်းထက် ပြည်သူများအတွက် ပိုမိုကြီးမားသည့်အန္တရာယ်မှာ အငတ်ဘေးပင် ဖြစ်ကြောင်း ကုလသမဂ္ဂလက်နက် စစ်ဆေးရေးမှူးဟောင်း ဟန်းဘလစ်က ပြောကြားလိုက်သည်။

ဟန်းဘလစ်မှာ အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်သို့ လွန်ခဲ့သည့်နှစ်က ကျူးကျော်ဝင်ရောက်သဖြင့် လက်နက်စစ်ဆေးမှုလုပ်ငန်းကို ရပ်ဆိုင်းပေးခဲ့ရသည်။ ၎င်းသည် အီရတ် ဇီဝ၊ ဓာတုနှင့် အဖျက်စွမ်းအား မြင့်မားသည့် လက်နက်များကိုရှာရသည့် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့ကို ဦးဆောင်ခဲ့သူ ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ခွင့်ပြုချက်မပါရှိဘဲ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က အီရတ်အား စစ်ဆင်တိုက်ခိုက်မှုကို ဟန်းဘလစ်က ဝေဖန်လိုက်ပြီး၊ အီရတ်၏ အန္တရာယ်ကို ပုံကြီးချဲ့ထားကြောင်း အမေရိကန်နှင့် ဗြိတိန်အစိုးရတို့ ကြိုတင်သိကောင်းသိနိုင်ခဲ့လိမ့်မည်ဟု ပြောကြားလိုက်သည်။

မမေ့အပ်

ကမ္ဘာတစ်ဝန်း သန်းပေါင်းများစွာသော ပြည်သူများ ငတ်မွတ်နေသည်မှာ လူ့ဘဝနှင့် ဆိုင်သော ကြီးမားသည့် ပြဿနာဖြစ်ကြောင်း၊ မိမိတို့နေထိုင်ရာ ဂြိုဟ်ကမ္ဘာတွင် ဖန်လုံအိမ်ပူနွေးမှုနှင့် အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများရှိနေသည်ကိုလည်း မမေ့အပ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

လမ်းဘေးဗုံးကွဲသဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၉

အမေရိကန် ကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့များသည် အီရတ်ကြားဖြတ်အစိုးရလက်သို့ အုပ်ချုပ်ခွင့်အာဏာလွှဲအပ်အပြီးတွင် ပထမဦးဆုံးအကြိမ် လမ်းဘေးဗုံးတစ်လုံး ဘဂ္ဂဒက်၌ ပေါက်ကွဲသွားသည့်အတွက် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားသည်။ အင်ဂျင်နီယာဆိုင်ရာ စက်ပစ္စည်းများ သယ်ဆောင်လာသောယာဉ်တန်းကို အစောင့်လိုက်ပါလာစဉ် ဟမ်းဗီးယာဉ် ဗုံးထိမှန်ပေါက်ကွဲခဲ့သည့်အတွက် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အယ်လ်ဂျာဇီယာ ရုပ်/သံ သတင်းဌာနကလည်း တနင်္လာနေ့တွင် အီရတ်လက်နက်ကိုင်တစ်စုက ဖမ်းဆီးထားသော အမေရိကန်တပ်ပွဲ့ဝင်အား ကွပ်မျက်လိုက်သည့်သတင်းကို ထုတ်လွှင့်ပြသသွားသည်။

အခြား အီရတ် လက်နက်ကိုင်အုပ်စုတစ်စုကလည်း ၎င်းတို့ ဖမ်းဆီးထားသော တူရကီစားစာခံသုံးဦးကို ပြန်လွှတ်လိုက်ကြသည်။ တူရကီအစိုးရသည် အမေရိကန်တို့နှင့် လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများကို လုပ်ငန်းရပ်ဆိုင်းရန် မပြောဆိုလျှင် တူရကီစားစာခံများကို သတ်ပစ်မည်ဟု ဖမ်းထားသူများက ခြိမ်းခြောက်ခဲ့ကြသည်။ သို့ရာတွင် တူရကီအစိုးရက စားစာခံ ဖမ်းဆီးထားသူများ၏ တောင်းဆိုချက်ကို ပယ်ချခဲ့သည်။

တူရကီစားစာခံများကို ပြန်လွှတ်လိုက်သော အဖွဲ့အစည်းများမှာ ဂျမတ် အယ်လ်တော်ဟစ်နှင့် ဂျဟာစ်တို့ ဖြစ်ကြောင်းသိရသည်။ တူရကီရှိ မွတ်စလင်အမျိုးသားများကို ထောက်ထား၍ ယခုစားစာခံများကို ပြန်လွှတ်ပေးခြင်းဖြစ်ကြောင်း ၎င်းတို့က ကြေညာသွားသည်။

ယခုလုပ်ရပ်မှာ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အပေါ် မလိုလားကြောင်း ဆန္ဒပြသည့် လုပ်ဆောင်မှုပင်ဖြစ်ကြောင်း တိပ်ခွေပေါ်မှ မျက်နှာဖုံးစွပ်ထားသူ လက်နက်ကိုင်တစ်ဦးက ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါတိပ်ခွေကို အယ်လ်ဂျာဇီယာသတင်းဌာနက ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။

စားစာခံသုံးဦး လွှတ်မြောက်လာကြောင်းကို တူရကီအစိုးရက အတည်ပြုခဲ့သည်။ အီရတ်တွင် အဖမ်းခံထားရသော အခြားတူရကီလူမျိုးနှစ်ဦးကလည်း မိမိတို့တစ်ပတ်အတွင်း ပြန်လာမည်ဖြစ်ကြောင်းနှင့် ကောင်းကောင်းမွန်မွန်ရှိကြောင်း ပြောကြားခဲ့ကြသည်ဟု ဆိုသည်။

ဖမ်းဆီးထားသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးနှင့် ပါကစ္စတန်တစ်ဦးတို့ကို အီရတ် လက်နက်ကိုင်များက သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။ အဖမ်းခံထားရသူ ပါကစ္စတန်က လက်နက်ကိုင်များ တောင်းဆိုထားသည့်အတိုင်း အီရတ်အကျဉ်းသားများကို နောက်သုံးရက်အတွင်း ပြန်မလွှတ်လျှင် ၎င်းကို ခေါင်းဖြတ် အသတ်ခံရဖွယ်ရှိကြောင်း ပြောကြားသွားသည်ဟု ဆိုသည်။

အင်တာနက်။

လုံခြုံရေးစောင့်ကြပ်

ဇွန် ၂၈ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲ၏ ကြောက်မက်ဖွယ်ရာ အနိဌာရုံများကို ဘုရှ်နှင့် ကန်သတင်းမီဒီယာများ လျစ်လျူရှုနေ

လန်ဒန် ဇွန် ၃၀

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်နှင့် အမေရိကန်ပြည်ထောင်စုမှ သတင်းမီဒီယာများအနေဖြင့် အီရတ်စစ်ပွဲ၏ ကြောက်မက်ဖွယ်ရာ အနိဋ္ဌာရုံများကို လျစ်လျူရှုနေကြကြောင်း အီရတ်နိုင်ငံတွင် ခေါင်းဖြတ်သတ်ခံရသည့် အမေရိကန်တစ်ဦး၏ ဖခင်ဖြစ်သူက စွပ်စွဲပြောကြားလိုက်သည်။

ဒုက္ခကိုမမြင်

သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်နှင့် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်တို့သည် ပြည်သူလူထု တွေ့ကြုံခံစားနေသည့် ဒုက္ခကို မမြင်ကြကြောင်းဖြင့် မိုက်ကယ်ဘာဂ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ခေါင်းဖြတ်သတ်ခံရသူ နစ်ဘာဂ်ကို ဘဂ္ဂဒက်မြို့တော် လမ်းဘေးတွင် တွေ့ရှိခဲ့ပြီး ထိတ်လန့်ဖွယ်ရာကောင်းသည့် သတ်ဖြတ်မှုသတင်းကို အစ္စလမ္မစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ကြိုးပမ်း

အီရတ်စစ်ပွဲ၏ စိတ်ဆင်းရဲစရာကောင်းလှသည့် အနိဋ္ဌာရုံများကို အမေရိကန်နှင့် ဗြိတိသျှ ပြည်သူလူထု သိရှိစေရန် မိမိကြိုးပမ်းနေကြောင်း မိုက်ကယ်ဘာဂ်က ပြောကြားသည်။

ဘာဂ်သည် အီရတ်နိုင်ငံအတွင်း ပြည်ပတပ်ဖွဲ့ဝင်များ ရောက်ရှိနေမှုအပေါ် လန်ဒန်၌ ဆန္ဒပြသည့်အခါ မိန့်ခွန်းပြောရန် လန်ဒန်၌ ရောက်ရှိနေသည်။

နစ်ဘာဂ်သည်အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ရှာဖွေရန် အီရတ်သို့ မကြာမကြာ ခရီးသွားနေရာမှ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဘုရှ်နှင့် အမေရိကန် မီဒီယာ သတင်းဌာနများသည် အီရတ်စစ်ပွဲ၏ အမှန်အကန် ကြောက်မက်ဖွယ်ရာများကို မျက်ကွယ်ပြုကြပြီး ဘုရှ်နှင့် ရမ်းစဖဲလ်အား ၎င်း၏ သား သေဆုံးမှုအတွက် အပြစ်ဖို့ထားသည်။ စစ်ဆန့်ကျင်ရေးစိတ်ဓာတ်သည် အမေရိကန် ပြည်ထောင်စုတွင် အလွန်ပြင်းထန်စွာ ရိုက်ခတ်နေသည်ဟု ယုံကြည်ကြောင်း ဘာဂ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၂၆ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်သို့ ဝင်ရောက်သည့် အဝေးပြေးလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်တစ်ဂိတ်တွင် စစ်ဆေးခံရန် တန်းစီစောင့်ဆိုင်းနေသော ကုန်တင်ကားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘုရှ်အပေါ် အမေရိကန် လူထုထောက်ခံမှု အနိမ့်ဆုံးသို့ ကျဆင်းနေ

ဝါရှင်တန် ဇွန် ၃၀

နယူးယောက်တိုင်းမ်း သတင်းဌာနနှင့် စီဘီအက်စ်သတင်းဌာနများသည် အမေရိကန်သမ္မတဘုရှ်အပေါ် လူထုသဘောထားနှင့် ပတ်သက်၍ လေ့လာစူးစမ်းခဲ့ကြသည်။ ယခုနောက်ဆုံးလေ့လာရရှိသော လူထုသဘောထား ထောက်ခံမှုသည် သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ သမ္မတ သက်တမ်းတစ်လျှောက်တွင် ထောက်ခံမှု အနိမ့်ဆုံးအဆင့်သို့ ထိုးဆင်းသွားသည်ကို ပြသလျက်ရှိကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

သမ္မတဘုရှ်သည် ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် သမ္မတရာထူး စယူခဲ့စဉ်မှစ၍ အထက်ပါ သတင်းဌာနနှစ်ခုက လူထုသဘောထားများကို မှန်မှန် လေ့လာခဲ့ကြသည်။ ယခုလေ့လာရရှိသောအဖြေတွင် သမ္မတ၏ လုပ်ဆောင်ချက်ကို သဘောတူကြောင်းဖော်ပြသူ ဦးရေမှာ ၄၂ ရာခိုင်နှုန်းသို့ ရောက်သွားသည်အထိ လျော့ကျသွားသည်။ သမ္မတ၏ လုပ်ဆောင်ချက်ကို သဘောမတွေ့သူများမှာ သဘောထားပေးသူများ၏ ၅၁ ရာခိုင်နှုန်းအထိ များလာကြောင်း တွေ့ရသည်ဟု ဆိုသည်။

သဘောထားမပေး

ဆီးနိတ်ကိုယ်စားလှယ် ဂျွန်ကယ်ရီသည် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် အမည်စာရင်းတင် ရွေးချယ်ထားသူဖြစ်သည်။ သဘောထားစူးစမ်းလေ့လာမှုကို တုံ့ပြန်သူများ၏ ၄၀ ရာခိုင်နှုန်းသည် ဂျွန်ကယ်ရီနှင့် ပတ်သက်၍ သဘောထား တစ်စုံတစ်ရာပေးရန် မရှိဟု ဆိုကြသည်။

ကျဆင်း

အမေရိကန်အတွက် နိုင်ငံခြားရေးရာကိစ္စ အကျပ်အတည်း တွေ့ချိန်နှင့် အကြမ်းဖက်တိုက်ခိုက်ခံရသော အခြေအနေတွင် လက်ရှိ သမ္မတဘုရှ်သည် ယှဉ်ပြိုင်မည့်သူ ကယ်ရီထက် နိုင်ငံကို ပို၍ ဦးဆောင် နိုင်စွမ်းရှိလိမ့် မည်ဟု အမေရိကန်အများက ယုံကြည်သည်ကို ဖော်ပြကြောင်း တွေ့ရသည်။ သို့ရာတွင် ယခင် ဆန္ဒသဘောထားလေ့လာစဉ်အခါက ယုံကြည်ကြောင်း ဆန္ဒဖော်ပြသော ရာခိုင်နှုန်း အချိုးအစားထက်စာလျှင် ယခုနောက်ဆုံးကောက်ယူရရှိသော ရာခိုင်နှုန်း အချိုးအစားမှာ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရသည်။

အီရတ်ကို အမေရိကန်က စစ်ပြုသိမ်းပိုက်ခဲ့သည်။ ထိုလုပ်ရပ်က အမေရိကန်ကို အကြမ်းဖက် တိုက်ခိုက်လာစေရန် ဖိတ်ခေါ်သကဲ့သို့ ဖြစ်မည်ကို လူထုက ပူပင်နေကြောင်း ဖော်ပြကြသည်။ ထို့အပြင် အီရတ်စစ်ပွဲ အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ အဘူဂါရိပ် အကျဉ်းသားများကို ညှဉ်းပန်းမှုနှင့် ပတ်သက်၍လည်းကောင်း အစိုးရက မှန်မှန်ကန်ကန် ရိုးရိုးသားသား မလုပ်ဆောင်မည်ကို ပူပင်ကြောင့်ကြနေကြသည်ကို တွေ့ရသည် ဟု ဆိုသည်။

ရှုမြင်

အမေရိကန်က ဆင်နွှဲသော အီရတ်စစ်ပွဲကို တိုက်ခိုက်ရသည်မှာ အကျိုးရှိသည်ဟု မမြင်ကြသည့်အပြင် ဘုရှ်အစိုးရအနေဖြင့် အီရတ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရန် အစီအစဉ် ကျကျနန မရှိကြောင်း ရှုမြင်ထားကြသည်ကို ဖော်ပြကြောင်း သိရသည်။

လမ်းမှား

ဆန္ဒသဘောထား လေ့လာမှုတွင် ပါဝင်ပြန်ကြားသူ ၄၅ ရာခိုင်နှုန်းတို့က ဘုရှ်နှင့် ပတ်သက်၍ အလေးသာသော သဘောထားမျိုးမရှိကြပေ။ ၅၇ ရာခိုင်နှုန်းကမူ တိုင်းပြည်မှာ လမ်းမှားဆီသို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း ရှုမြင်ကြသည်။

ကယ်ရီနှင့် ဘုရှ်တို့အပေါ် ဆန္ဒသဘောထားပေးသူများ၏ ထောက်ခံမှုအတိုင်းအတာကို လေ့လာသောအခါ ကယ်ရီကိုလိုလားသူ ၄၅ ရာခိုင်နှုန်းရှိပြီး ဘုရှ်ကိုလိုလားသူ ၄၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ ထိုနှစ်ဦးအပြင် တစ်သီးပုဂ္ဂလ သမ္မတအဖြစ် ယှဉ်ပြိုင်မည့် ရဲလ်နာဒါအပေါ် ထောက်ခံမှုအင်အားကိုပါ ထည့်သွင်းလေ့လာသောအခါတွင်မူ အခြေအနေမှာ တစ်မျိုးဖြစ်နေပြန်သည်။ ဘုရှ်ကိုလိုလားသူ ၄၃ ရာခိုင်နှုန်း၊ ကယ်ရီကိုလိုလားသူ ၄၂ ရာခိုင်နှုန်းနှင့် နာဒါကိုလိုလားသူ ၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာချက်က ဖော်ပြသည်။

နှိုင်းယှဉ်

အမေရိကန်ပြည်နယ် ၁၈ ခုတွင် ဘုရှ်နှင့် ကယ်ရီတို့အပေါ် ထောက်ခံမှုများကို နှိုင်းယှဉ်လေ့လာသောအခါ ယှဉ်ပြိုင်မှုသည် အတော်ကျပ်ကျပ်တည်းတည်းဖြစ်နေသော အနေအထားကို တွေ့ရသည်။ ထိုပြည်နယ်များတွင် ၄၅ ရာခိုင်နှုန်းက ကယ်ရီကို လိုလားသော အခြေအနေရှိပြီး ၄၃ ရာခိုင်နှုန်းတို့က ဘုရှ်ကို ထောက်ခံမည်ဟု ဖော်ပြကြသည်။

ယခုနောက်ဆုံးအကြိမ် တစ်နိုင်ငံလုံး၏ သဘောထားလေ့လာမှုကို ဇွန် ၂၃ ရက်မှ ၂၇ ရက်များအတွင်း အရွယ်ရောက်ပြီးသူ ၁၀၅၃ ဦးတို့ကို နမူနာကောက်ယူ လေ့လာခဲ့ခြင်းဖြစ်သည်။ မှားယွင်းနိုင်မှုအခြေအနေမှာ အပေါင်းသို့မဟုတ် အနုတ်(၃) ရှိနိုင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၀၄

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၀၄ ခုနှစ် ဇူလိုင်လ ၁ ရက်)

ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤ နည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဥပဒေ** ဆိုသည်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုဆိုသည်။

(ခ) **ထိန်းချုပ်ဓာတုပစ္စည်း** ဆိုသည်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တို့အရ မူးယစ်ဆေးဝါး ကိုဖြစ်စေ၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကိုဖြစ်စေ ထုတ်လုပ်ရာ၌ အသုံးပြုနိုင်သော ဓာတုပစ္စည်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် ဓာတုပစ္စည်းကိုဆိုသည်။

(ဂ) **မူးယစ်ဗဟိုအဖွဲ့** ဆိုသည်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၅ တို့အရ ဖွဲ့စည်းသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ဃ) **ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဥပဒေအရ ဖွဲ့စည်းထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သော ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကိုဆိုသည်။

(င) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ထိန်းချုပ်ဓာတုပစ္စည်းကို တရား မဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုခြင်း ရှိ–မရှိ ကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် အလွဲအသုံးပြုခြင်း ရှိ–မရှိကို လည်းကောင်း စစ်ဆေးရေးအတွက် ဤနည်းဥပဒေများအရ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီက ဖွဲ့စည်းတာဝန် ပေးအပ်ထားသည့် အဖွဲ့ကိုဆိုသည်။

အခန်း (၂)
ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်း ကိစ္စများအတွက် စိစစ်ပြီးထောက်ခံချက် ထုတ်ပေးခြင်း သို့မဟုတ် ထောက်ခံချက် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်–

(က) ထိန်းချုပ်ဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊

(ခ) ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၊

(ဂ) ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း၊

(ဃ) ပြည်တွင်းတွင် ထုတ်လုပ်သော သို့မဟုတ် ပြည်ပမှတင်သွင်း သော ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်တွင်းတွင် သယ်ယူ ပို့ဆောင်ခြင်း၊

(င) ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပနိုင်ငံတစ်ခုမှ တစ်ခုသို့ မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း၊

(စ) ထိန်းချုပ်ဓာတုပစ္စည်းနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း။

၄။ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းကိစ္စများအတွက် စိစစ်ပြီး ခွင့်ပြုချက်ထုတ် ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်–

(က) ပြည်နယ်၊ တိုင်းတစ်ခုမှ တစ်ခုသို့ သယ်ယူပို့ဆောင်ခြင်း၊

(ခ) သိုလှောင်ထိန်းသိမ်းခြင်း၊

(ဂ) သိုလှောင်ထားရှိပြီး လက်ကားဖြန့်ဖြူးရောင်းချခြင်း။

၅။ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့သည် ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင် ထားရှိပြီး လက်လီဖြန့်ဖြူးရောင်းချခြင်းနှင့် လက်ဝယ်ထားပြီး အသုံးပြုခြင်း အတွက် စိစစ်ပြီးခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆။ ပြည်နယ်၊ တိုင်းနှင့် ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည်–

(က) နည်းဥပဒေ ၄ နှင့် ၅ တို့ပါ လုပ်ပိုင်ခွင့်ကို မိမိတို့ အဖွဲ့ဝင်များ ထဲမှ သင့်လျော်သူ အနည်းဆုံး ၃ ဦးမှ ၅ ဦးအထိ ပါဝင်သော ခွင့်ပြုချက် ထုတ်ပေးရန် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်း တာဝန်များ သတ်မှတ်ပေးနိုင်သည်။

(ခ) နည်းဥပဒေ ၄ နှင့် ၅ တို့အရ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မှတ်တမ်းပြုစုပြီး ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ သို့ ၃ လ တစ်ကြိမ် တင်ပြရမည်။

၇။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ခြင်း၊ ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သိုလှောင်ထားရှိပြီး လက်လီ လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လက်ဝယ် ထား၍ အသုံးပြုခြင်းတို့အတွက် ကြီးကြပ်ကွပ်ကဲရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၈။ ထိန်းချုပ်ဓာတုပစ္စည်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးအဖြစ် ထုတ်လုပ်ရာတွင် အလွဲအသုံးပြုကြောင်း သံသယဖြစ်ဖွယ်ရာ တွေ့ရှိပါက ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ထိန်းချုပ် ဓာတုပစ္စည်းကြီးကြပ်ရေး ကော်မတီသို့လည်းကောင်း၊ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် မူးယစ်ဗဟိုအဖွဲ့သို့လည်းကောင်း ဆောလျင်စွာ သတင်းပို့ရမည်။

အခန်း (၃)
ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ခြင်း

၉။ ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတု ပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည် ထောက်ခံချက် ရရှိရန် ပုံစံ (၁)ဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ သို့ ဦးစွာလျှောက်ထားရမည်။

၁၀။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၉ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှု လုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းအတွက် ထောက်ခံချက်ကို စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၂) ဖြင့် ထုတ်ပေးရမည်။

၁၁။ နည်းဥပဒေ ၁၀ အရ ထုတ်ပေးသော ထောက်ခံချက်ကိုရရှိသူသည် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ စက်မှု လက်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ရယူပြီးမှ ထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ရမည်။

၁၂။ ထိန်းချုပ်ဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတု ပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ သည်–

(က) ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သော ထိန်းချုပ်ကုန်ကြမ်း ဓာတုပစ္စည်းများ၊ အခြားကုန်ကြမ်းဓာတုပစ္စည်းများနှင့် သဘာဝ ကုန်ကြမ်းပစ္စည်းများ၏ အမျိုးအစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် အလေးချိန်တို့ကို ဖော်ပြပြီး နောင်လာမည့် တစ်နှစ်အတွက် လိုအပ်ချက်ကို ပုံစံ(၃)ဖြင့် ပြက္ခဒိန်နှစ်မကုန်ဆုံးမီ သုံးလကြိုတင်၍ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။

(ခ) ထုတ်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပုံစံ(၄) ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ်စုစည်း၍ ထိန်းချုပ်ဓာတု ပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ပုံစံ (၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ် ရေးအဖွဲ့သို့ ပေးပို့ရမည်။

(ဃ) ပုံစံ(၃)၊ (၄)၊ (၅)နှင့် အခြားလိုအပ်သော စာရွက်စာတမ်းအထောက် အထားများ၊ စာရင်းဇယားများကို အနည်းဆုံးနှစ်နှစ်အထိ ထိန်းသိမ်း ထားရှိရမည်။

(င) ထုတ်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်း ချက်များကို လိုက်နာရမည်။

(စ) ထိန်းချုပ်ဓာတုပစ္စည်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများကို ထုတ်လုပ်ရာတွင် တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုခြင်း မရှိစေရန် အထူးဂရုပြု ရမည်။ ယင်းသို့ပြုလုပ်ကြောင်း သံသယဖြစ်ဖွယ်ရာတွေ့ရှိပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာ သတင်းပို့ရမည်။

(ဆ) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီက တာဝန်ပေး စေလွှတ်သည့် စစ်ဆေးရေးအဖွဲ့များက တောင်းခံသော စာရင်း ဇယားများကို ပေးအပ်ရမည့်အပြင် ထုတ်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ စစ်ဆေးမှုကိုလည်း ခံယူရမည်။

(ဇ) ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရာတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပို၍ လျော့နည်း ခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်းသတင်းပို့ရမည်။

(ဈ) ထုတ်လုပ်မှုလုပ်ငန်းကို ရပ်စဲဖျက်သိမ်းလိုလျှင် ထိန်းချုပ် ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ကြိုတင်အကြောင်း ကြားပြီး ထိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ထိန်းချုပ်ဓာတုပစ္စည်း များကို စီမံခန့်ခွဲရမည်။

၁၃။ ထိန်းချုပ်ဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတု ပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်၊ မှတ်ပုံတင် သို့မဟုတ် ခွင့်ပြုချက်သက်တမ်း ကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် ထိုသက်တမ်း တိုးမြှင့်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားခြင်းမပြုမီ ထောက်ခံချက် ရရှိရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပြီးလျှောက်ထားရမည်–

(က) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီက ထုတ်ပေးခဲ့ သည့် ထောက်ခံချက်ပုံစံ (၂)နှင့် မိတ္တူ၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မိတ္တူ။

၁၄။ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၁၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ထိန်းချုပ်ဓာတုပစ္စည်းထုတ်လုပ်မှု လုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းအတွက် သက်တမ်းတိုးမြှင့်ရန် ထောက်ခံချက်ကို စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးရမည်။

၁၅။ ထိန်းချုပ်ဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတု ပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည် ထိန်းချုပ်ဓာတုပစ္စည်းကို သယ်ယူပို့ဆောင်လိုပါက ဤနည်းဥပဒေများ၏ အခန်း(၅)ပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချလိုပါက ဤနည်းဥပဒေများ၏ အခန်း(၆)ပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ရမည်။

အခန်း(၄)
ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း

၁၆။ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းလိုသူသည် ပုံစံ (၆) ဖြင့် လည်းကောင်း၊ ပြည်ပသို့ တင်ပို့လိုသူသည် ပုံစံ (၇) ဖြင့်လည်းကောင်း တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုလုပ်လိုသည့်အခါတိုင်း ထောက်ခံချက်ရရှိရန် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဦးစွာလျှောက်ထားရမည်။

၁၇။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၁၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းအတွက် စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ (၈)ဖြင့် ထောက်ခံချက်ထုတ်ပေးရမည်။

၁၈။ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်း လုပ်ကိုင်ရန် နည်းဥပဒေ ၁၇ အရ ထုတ်ပေးသော ထောက်ခံချက်ကို ရရှိသူသည် တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့ တင်ပို့ခွင့်လိုင်စင် သို့မဟုတ် ပါမစ်ရယူပြီးမှ တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုရမည်။

၁၉။ ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့ တင်ပို့ခွင့် ရရှိသူသည် ထိန်းချုပ်ဓာတု ပစ္စည်းတင်သွင်းခြင်း၊ တင်ပို့ခြင်းပြုရာတွင် အောက်ပါ အချက်အလက်များကို ဖော်ပြလျက် ကုန်အမှာစာ၊ ကုန်တင်စာရင်း၊ ကုန်ပို့လွှာ၊ သင်္ဘောကုန်တင် စာရွက်စာတမ်းများနှင့် အခြားလိုအပ်သော စာရွက်စာတမ်း အထောက်အထား မိတ္တူများကို ပူးတွဲပြီး ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းမပြုမီ ကြိုတင်၍ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်–

(က) တင်သွင်းသူ၊ တင်ပို့သူ၏အမည်၊ နေရပ်လိပ်စာနှင့် တင်သွင်း၊ တင်ပို့သည့်နိုင်ငံ၊

(ခ) ကုန်ပစ္စည်း မှာယူသူ ဖော်ပြနိုင်ပါက ကုန်ပစ္စည်း မှာယူသူ၏ အမည်၊ နေရပ်လိပ်စာ၊

(ဂ) တင်သွင်း၊ တင်ပို့သည့် ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအမည်၊ တံဆိပ်အမှတ်အသား၊ အလေးချိန်၊ ပမာဏနှင့် အရေအတွက်၊

(ဃ) ကုန်ပစ္စည်းထုပ်ပိုးပုံ၊ အထုပ်အရေအတွက်၊

(င) တင်ပို့မည့်၊ ဆိုက်ရောက်မည့် နေ့ရက်၊ အကောက်ခွန်ဆိပ်ကမ်း (Custom Port)၊ အကောက်ခွန်လေဆိပ် (Custom Aero-drome) နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းအမည် (Border Point of Entry/Exit)၊ ခရီးစဉ်အဆုံး ကုန်ပစ္စည်းရောက်ရှိမည့် နေရာ၊

(စ) တစ်ဆင့်တင်သွင်းမည့်၊ တင်ပို့မည့်၊ တစ်ထောက်ရပ်နားမည့် ပြည်ပနိုင်ငံအမည်၊ နေ့ရက်၊ ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ် ကုန်သွယ်ရေးစခန်း၊

(ဆ) နည်းဥပဒေ ၁၇ နှင့် ၁၈ တို့အရ ထုတ်ပေးသည့် ထောက်ခံချက်၊ လိုင်စင်၊ ပါမစ်၊ နေ့ရက်နှင့် အမှတ်၊

(ဇ) ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်မည့် သင်္ဘော၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရထား၊

(ဈ) တင်သွင်း၊ တင်ပို့သည့် အကြိမ်၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

တိုးတက် သစ်လွင် ဖြန့်ပြည့် တစ်ခွင်

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံတက္ကသိုလ် အဆောက်အအုံကို ဤသို့ခံ့ညားထည်ဝါစွာတွေ့ရသည်။ (ဓာတ်ပုံ-ကြေးမုံ)

မန္တလေးတိုင်း ပုဂံ-ညောင်ဦးဒေသတွင် သီးနှံစိုက်ဧကများမြှင့်တင်ပေးလျက်ရှိသည့် ငါ့သရောက် မြစ်ရေတင်စီမံကိန်းရေပေးတူးမြောင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)



ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်သော နမ်းခမ်းခရေအားလျှပ်စစ်စက်ရုံကိုတွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)



ပဲခူးတိုင်း(အနောက်ပိုင်း) သုံးဆယ်မြို့နယ်ရှိ ဒေသခံ တောင်သူလယ်သမားများအား စပါးမျိုးဖြန့်ဝေပေးမည့် ရတနာဝင်းမျိုးစေ့ မျိုးသန့်စိုက်ကွင်းတွင် လယ်ယာသုံးစက်ကိရိယာများဖြင့် သမန်းမျက်နှာပြင်ညီရန် မြေပြုပြင်နေစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

နယ်စပ် ဒေသနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး

● **ရှေ့ဖုံးမှ**

ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ပေါင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်လက်မှတ်ထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ဆောင်ရွက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊ အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၄ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၇၉ ရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ချင်းပြည်နယ်မှ ဦးကပ္ပတီအယ်လ်ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့...
ပါဝင်မည့် ဥပဒေပြု...
ဆိုင်ရာ အာဏာ...
အသေးစိတ်အခြေ...
တောင်သူလယ်သ...
ဆွေးနွေးအကြံပြု...
ကိုယ်စားလှယ် ...
တင်ပြစဉ်။**

သဘာပတိအဖွဲ့ဝင်များနှ...

**အမျိုးသားညီလာခံစုံညီအစည်းအ...
တက်ရောက်သူများအား တွေ့ရစဉ်။**

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့ ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

သဘာပတိအဖွဲ့ဝင်များနှင့် တက်ရောက်သူများ

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များနှင့် တက်ရောက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အတွက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်း ကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စား လှယ်များက ဖတ်ကြားတင်ပြကြ သည်။

...ခြေခံဥပဒေရေးဆွဲရာတွင် ...ျုပ်ရေးနှင့် တရားစီရင်ရေး ...ပိုင်းများနှင့် စပ်လျဉ်း၍ ...ား ချမှတ်နိုင်ရေးအတွက် ...ားလှယ်များ အစုအဖွဲ့၏ ...စာတမ်းကို ညီလာခံ ...ယ်မှ ဦးကပ္ပတီအယ်လ် (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံ ကိုယ်စားလှယ် မကွေးတိုင်းမှ ဦးဝင်းရွှေ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မှ ဦးကပ္ပတီအယ်လ်က စတင် ဖတ်ကြားတင်ပြသည်။

ဖတ်ကြားတင်ပြ

ထို့နောက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်း ပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် လူမှုရေး ကဏ္ဍတို့ကို ညီလာခံကိုယ်စား လှယ် မကွေးတိုင်းမှ ဦးဝင်းရွှေက ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၅၅ မိနစ်တွင် ခေတ္တရပ်နားသည်။

အဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက် စာတမ်းပါ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ကို ညီလာခံ ကိုယ်စားလှယ် ရှမ်းပြည်နယ်မှ ဦးစိုင်းနုက ဆက်လက်ဖတ်ကြား တင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို ၂၀၀၄ ခုနှစ် ဇူလိုင် ၂ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာ တွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရား စီရင်ရေး ဆိုင်ရာ အာဏာ ခွဲဝေမှု အပိုင်း များနှင့် စပ်လျဉ်း၍ အသေး စိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရေး အတွက် တောင်သူ လယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံ ကိုယ်စားလှယ် ရှမ်းပြည်နယ်မှ ဦးစိုင်းနု ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ တတိယနေ့ကျင်းပ သုံးရက်အတွင်း ကျောက်စိမ်းအတွဲ ၄၆၈ တွဲ ရောင်းချရ

ရန်ကုန် ဇူလိုင် ၁

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အစီအစဉ်အရ တတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်ပနိုင်ငံ ခုနစ်နိုင်ငံ၊ ကုမ္ပဏီ ၁၈၉ခုမှ ရတနာကုန်သည် ၄၈၇ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၁၂၉ခုမှ နိုင်ငံသား ရတနာကုန်သည် ၃၈၃ဦး စုစုပေါင်း ရတနာကုန်သည် ၈၇၀ တက်ရောက်ဝယ်ယူကြသည်။

ယမန်နေ့ညနေ ၅နာရီမှ ည ၉နာရီ ၁၅မိနစ်အထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၁၄တွဲကို ရတနာကုန်သည်များက ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။

ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်း အတွဲပေါင်း၂၄၆တွဲကိုရောင်းချရသည်။

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အစီအစဉ်အရ တတိယနေ့အဖြစ် ယနေ့ နံနက်၉နာရီတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက် ရောင်းချရာ ညနေ ၆နာရီ အထိ ကျောက်စိမ်းအတွဲပေါင်း ၃၆တွဲကို ပြည်တွင်းပြည်ပရတနာကုန်သည်များက ဈေးပြိုင်ပေး၍ အပြိုင်အဆိုင်ဝယ်ယူကြ သည်။

ဇွန် ၂၉ရက်မှ ဇူလိုင် ၁ရက်အထိ သုံးရက်အတွင်း ကျောက်စိမ်း အတွဲ ပေါင်း ၄၆၈တွဲကို ဝယ်ယူသွားကြ သည်။

ကျောက်စိမ်း၊ ကျောက်မျက်အထူး ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲ တန်ဖိုးအများဆုံးဝယ်ယူသူ ပြည်တွင်း မှ နိုင်ငံသားရတနာကုန်သည် ဖူဂျီ လက်ဝတ်ရတနာကုမ္ပဏီလီမိတက်မှ ဦးကျော်သိန်းအား အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်ကပ်ပန်းချီ ကားတစ်ချပ် ဂုဏ်ပြုချီးမြှင့်ပေးအပ် သည်။

ဇူလိုင် ၂ရက်နှင့် ၃ရက်များတွင် ကျောက်မျက်အတွဲများကို တင်ဒါ စနစ်နှင့် ဈေးပြိုင်စနစ် တို့ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ် သည်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူရှင် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတ ဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်း ပြည်ပမှ လှူဒါန်းကြသော ပဒေသာပင် အလှူရှင်များ၏ (၂၄)ကြိမ်မြောက် ရေစက်ချမင်္ဂလာနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၇ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါဆေးရုံ ရှစ်ထပ် ဝေဇယန္တာဆောင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း သာကေတ မြို့နယ် ပါဠိကာရီစာသင်တိုက် ဦးစီး ပဓာနနာယက ဒီဃဘာဏကဒီဃ နိကာယ ကောဝိဒ အဂ္ဂမဟာဂန္ထ ဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂိ ဆရာတော်ကြီးအမှူးပြု၍ ပင့်သံဃာတော်များ ကြွရောက်တော် မူကြပြီး ဇီဝိတဒါန သံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)နှင့် အုပ်ချုပ် ရေးအဖွဲ့ဝင်များ၊ ပဒေသာပင်အလှူရှင် များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း အမှတ် (၄၈၁)နေ ဦးတင်စိန်-ဒေါ်နန်းခမ်းတစ်၊ သားမောင်အာကာအောင်၏ (၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်း ပဒေသာပင်နှင့် ဘိုးဘွားများအား အာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းခြောက်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဇွန် ၃၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)

စတင်ဖတ်ကြားတင်ပြ

ရှေးဦးစွာ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက် စာတမ်း ပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ချင်းပြည်နယ်

ထို့နောက် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တောင်သူ လယ်သမား ကိုယ်စားလှယ်များအစု

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
၈း၀၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၀ ၈။ အကပြိုင်ပွဲ
၈း၂၀ ၉။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀၁၀။ International News.
၈း၄၅၁၁။ English for Everyday Use.
၉း၀၀၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ တေးဂီတအစီအစဉ်
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၁၀ ၆။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅း၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅း၃၅ ၈။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
၅း၅၀ ၉။ မွန်ပြည်နယ်(အပိုင်း-၂)
၆း၀၀၁၀။ Discovery.
၆း၂၀၁၁။ မူးယစ်ဆန့်ကျင်အောင်ပွဲဆင် (အပိုင်း-၂)
၆း၃၀၁၂။ ညနေခင်းသတင်း
၇း၀၀၁၃။ မိုးလေဝသအခြေအနေ
၇း၀၅၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၃၆)**
၇း၂၅၁၅။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၇း၄၀၁၆။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် "ရိုးရိုးယဉ်ယဉ်ဝတ်စားပြင်ဆင် တို့ပျိုစင်"
၈း၀၀၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအငြိမ့်(အပိုင်း-၂) ရန်ကုန်တိုင်းစစ်ဌာနချုပ် "ရွှေလမင်းအငြိမ့်" (မင်းသမီး-ခိုင်သဇင်သင်း၊ဝါဝါခိုင်၊ လူရွှင်တော်-ဇော၊ ကျော်ထူး၊ မန်းဝင်း၊ ခင်လှိုင်)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဆိုင်းပဒေသာဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇူလိုင် ၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဆိုင်းပဒေသာဖြင့်လည်းကောင်း၊ လူရွှင်တော်များ၏ ဟဒယရွှင်ဆေးတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဆိုင်းပဒေသာ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်တွင် ရှေးဦးစွာ ရွှာစားစိန်ကျော်ဆန်းဝင်းဆိုင်းအဖွဲ့က ပဏာမ ညွှန့်ခံဂီတသံ၊ မြန်မာ့ဆိုင်းဖခင် နေမျိုးဗလကျော်သူဘွဲ့ရဦးစိန်ဗေဒါ၏ ပိတုန်းရောင်သီချင်း၊ အလင်္ကာကျော်စွာ ဦးဟန်ပ၏ ဟန်တီးလုံး၊ အလင်္ကာကျော်စွာ ဦးဘမောင်၏ ဦးဖိုးစိန်၏ တီးလုံး၊ ရွာစားကြီးများဖြစ်ကြသော ဦးစိန်ချစ်တီး၊ ဦးစိန်လှမြိုင်နှင့် ဦးစိန်ဗိုလ်တင့်တို့၏ တီးလုံးများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ကျွန်ုပ်တို့ခေတ် တီးလုံးဖြင့် လက်စွမ်းပြ ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် လူရွှင်တော်များ ဖြစ်ကြသော ပန်းသီး၊ ကြယ်သီး၊ စိန်သီးနှင့် ဆီးသီးတို့က ရွှင်မြူးဖွယ်ရာ ဟဒယရွှင်ဆေးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ရွှာစားကျော်ဇင်မင်းဆိုင်းအဖွဲ့က ပဏာမ အဖွင့်တီးလုံး၊ မြန်မာ့ဆိုင်းဖခင် ဦးစိန်ဗေဒါ၏ "ခြောက်သွယ်ညွှန့်"သီချင်း "ဒီအရွယ်" သီချင်းနှင့် "မင်္ဂလာယဉ်မဲ့ သတို့သား" သီချင်းတို့ကို အဆို၊ အတီး လက်စွမ်းပြ ဖျော်ဖြေတင်ဆက်ပြီး ခွန်းထောက်တီးလုံး၊ အင်္ဂလန်ပတ်ဆန်းတီးလုံးတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ရွှေတံဆိပ်ကိုးဆုရှင် ရွှာစားအောင်ဝမ်းတူးက နိုင်ငံတော်ဆိုင်းအဖွဲ့ဖြင့် ဆိုင်းအဖွင့် ပျိုးချီလက်စွမ်းပြတီးလုံး၊ မြန်မာ့တူရိယာသီချင်း၊ မြန်မာ့ဆိုင်းဖခင် ဦးစိန်ဗေဒါ၏ "အသားမဲ"သီချင်းနှင့် "လက်ခုပ်ပန်း" သီချင်းတို့ကို အဆို၊ အတီး၊ လက်စွမ်းပြ ဖျော်ဖြေတင်ဆက်ပြီး ခွန်းထောက်ငါးပေါက် တီးလုံး လက်စွမ်းပြကာ "ကန်တော့ပွဲ"သီချင်းဖြင့် အဆို၊ အတီး၊ လက်စွမ်းပြ ဖျော်ဖြေတင်ဆက်သည်။

ဆိုင်းပဒေသာဖြင့် ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်သည့် ဆုငွေကျပ် ၁၅၀၀၀၀ ကို ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ပေးအပ်ချီးမြှင့်ရာ ဆိုင်းပညာရှင်၊ အနုပညာရှင်များက လက်ခံကြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)ကဆိုင်းပညာရှင်၊ အနုပညာရှင်များအား ဂုဏ်ပြုဆုငွေကျပ် ၁၀၀၀၀၀ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဆိုင်းပဒေသာဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဆိုင်းပဒေသာဖြင့် ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၏ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၅၀၀၀၀ ကို ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မော်ဝင်ကြိုးဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ ရုံသုံးရုံတစ်ပြိုင်တည်းတင်

ရုပ်ရှင်

ရန်ကုန် ဇူလိုင် ၁

ရွှက်စိမ်းရုပ်ရှင်အတွက် ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးသည့် **မော်ဝင်ကြိုး** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသသည်။

မော်ဝင်ကြိုးတွင် လူမင်း၊ ရာဇာနေဝင်း၊ ဟက်ကက်၊ ဗျိုက်၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ ပါဝင်သရုပ်ဆောင်ကြသည်။ ဂီတသမားဖခင်ကြီးနှင့် ဂီတဝါသနာရှင် မိသားစုအတွင်း ကြည်နူးဖွယ်၊ ကြေကွဲဖွယ်၊ မြတ်နိုးဖွယ် အဖြစ်အပျက်များကို စွဲမက်ခံစားနိုင်ရန် ဇာတ်လမ်းဆင် ရိုက်ကူးပြသထားသည်ဟုဆိုသည်။

စတိုင်ဇာတ်ကား

ဆက်လက်၍ ပရိသတ်အတွက် သွက်လက်သော ရိုက်ချက်များဖြင့် ကြည်နူးရွှင်မြူးရသော အချစ်ဟာသ ဇာတ်ကားဖြစ်သည့် **စတိုင်**ဇာတ်ကားမှာ နဝဒေး၊ ရှေ့ဆောင်နှင့် နေပြည်တော် နှစ်ရုံတွဲ တင်ဆက်ပြသနေရသည်။ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာနှင့် ဇာဂနာတို့ အပြိုင်အဆိုင် သရုပ်ဆောင်ကြသည်။

"စတိုင်"ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

အက်ရှင်ဇာတ်ကား

ထို့ပြင် ရွှေဂုန်ရုံ၌ Broken Arrow အမည်ရှိနိုင်ငံခြားဇာတ်ကား တင်ဆက်ပြသသည်။ အကြမ်းဖက်သမားများလက်သို့ ဒုံးကျည်များ မရောက်ရှိရန် သက်စွန့်ကြိုးပမ်း တိုက်ခိုက်ရပုံများကို ဂျွန်ထရာဘိုတာ ဦးဆောင်၍ ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

အချစ်နှင့်ဂီတ

မြို့မရုံတွင် Kabhi Khushi Kabhie Gham အမည်ရှိ အိန္ဒိယ အချစ်နှင့်တေးဂီတဇာတ်ကား တင်ဆက်ပြသသည်။ အမိတာဘဂျမ်း၊ ရှရွတ်ခန်း၊ ရီသစ်ရောရှန်၊ ကာဂျိုးနှင့် ကရီနာကပူးတို့က တေးဂီတ ကကွက်ဆန်းများဖြင့် မြူးကြွစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဘုရင်ရုံတွင် Humse Badhkar Kaun အမည်ရှိ အိန္ဒိယအက်ရှင်ဇာတ်ကြမ်း ရုံတင်လာသည်။ မိသားစုအတွင်း အထင်လွဲမှားမှုကို အကြမ်းဖက်ဖြေရှင်း၍ အကျိုးမရှိပုံကို သင်ခန်းစာပေး ရိုက်ကူးထားသည်။ ဆူနီရှက်သီ၊ ဆိုနာလီဘင်ဒါ၊ ရုပ်အလီခန်တို့ သရုပ်ဆောင်ကြသည်။

ဆန်းကြယ်သောမေတ္တာ

ဆုထူးပန်ရုံတွင် တမလွန်ဘဝက ချစ်သူကို စွဲလမ်းရာမှ ဆန်းကြယ်သော မေတ္တာဇာတ်လမ်းတစ်ပုဒ် ဖြစ်လာပုံကို ရိုက်ကူးပြသထားသည့် A B Ke Baras အမည်ရှိ အိန္ဒိယ ဇာတ်ကား ရုံတင်ပြသနေသည်။

ရာဇဝင်ဇာတ်ကား

မြေနီကုန်း ရတနာပုံရုံတွင် ကြီးကျယ်ခမ်းနားသော ရာဇဝင်ဇာတ်ကားဖြစ်သည့် Asoka အသောကအမည်ရှိ အိန္ဒိယ ဇာတ်ကား ရုံတင်ပြသနေသည်။ ရှရွတ်ခန်း အထူးသရုပ်ဆောင် ထားသည်။

(ကြေးမုံ)

ရှင်မြူးဖွယ် ကကွက်

Kabhi Khushi Kabhie Gham ဇာတ်ကားမှ ရွှင်မြူးဖွယ် ကကွက်။

"မော်ဝင်ကြိုး" ဇာတ်ကားမှ လူမင်းနှင့် တင့်တင့်ထွန်းတို့၏ ဇာတ်ဝင်ခန်း။

မြစိမ်းရောင်ထဲက မြစိမ်းရောင်

မောင်ပီတိ

မြစိမ်းရောင် အမည်ကလှသည်။ အဓိပ္ပာယ်က အပြည့်အဝ။ ခေါ်ဆိုရသည်ကိုက နှုတ်မှာချိုမြသည်။ ကြားရသူအတွက်လည်း နားဝင်ငြိမ့်ညောင်း၍ ရင်မှာအေးချမ်းသည်။ ရန်ကုန်-ပဲခူးအဝေးပြေးကားလမ်းမကြီး၊ ရန်ကုန်မှ ၃၄ မိုင်အကွာ လှည်းကူးမြို့အလွန် လမ်းနံဘေး လက်ယာဘက်ခြမ်းတွင် **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း** ဟူသော ဆိုင်းဘုတ်ကြီးကို ဖြတ်သန်းသွားလာသူတိုင်း သတိပြုမိကြသည်။ မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းကို ၁-၁၀-၂၀၀၀ ရက်နေ့ကတည်းက ဧက ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့် သုံးနှစ်ကျော်ကျော် လေးနှစ်ထဲသို့ ဝင်လာခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင် မြစိမ်းရောင်တွင် လယ်ဧကများ၊ စိုက်ပျိုးမြေဧရိယာများ၊ ငါးကန်များ၊ မွေးမြူရေးခြံများနှင့် ရှင်းလင်းဖော်ထုတ်ခဲ့သည့် ပလပ်မြေများ အပါအဝင် မြစိမ်းရောင်ပိုင် ဧရိယာဧကအနေဖြင့် ၄၀၀ ဒသမ ၃၁၈ ဧက ရှိခဲ့လေပြီ။ နှစ်စဉ်နှစ်တိုင်း နွေစပါး၊ မိုးစပါး နှစ်သီးစိုက်ပျိုးခဲ့သည်။ တစ်နှစ်ပြီးတစ်နှစ် မြစိမ်းရောင် လယ်ကွင်းများတွင် စပါးများ ဧကတိုးချဲ့ စိုက်ပျိုးလာခဲ့သည်။ အခြားတစ်ဖက်မှလည်း စိုက်ပျိုး၍မရသည့် ကိုင်းတော၊ ဗျိုက်တော၊ ရိုးကော၊ မြွေမျိုးစုံပေါသည့် ချုံတော၊ ပလပ်မြေများကိုပါရှင်း၍ ငါးကန်များ တူးဖော် မွေးမြူခဲ့သည်။ ၎င်းနှင့်အပြိုင် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွားတို့ကိုလည်း တစ်အုပ်တစ်မဖြစ်အောင် မွေးမြူထားကြသည်။ ကြက်ဆိုလျှင် ၁၅၀၀၀၊ ဘဲဆိုလျှင် ၁၀၀၀၀၊ ငါးဆိုလျှင် ၁၀၀၀၀၀ ကျော်၊ ဝက်ဆိုလျှင် ၆၀၀ ကျော်စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့မွေးမြူထားပြီးဖြစ်သည်။ စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ လုပ်ငန်းရည်မှန်းချက်အဖြစ် တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေးကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်မှစ၍ ချမှတ်လုပ်ဆောင်လာခဲ့ကြသည်။

စပါးတစ်ဧက တင်း ၁၀၀ ထွက်ရှိရေးဆိုသည်မှာ တကယ်တမ်း လက်တွေ့လုပ်ကြည့်တော့မလွယ်။ ကျားကုတ်ကျားခဲမဖြစ်ဖြစ်အောင်လုပ်ဖို့ အဖြစ်နိုင်ဆုံးနည်းလမ်းများကို ရှာကြံလေ့လာကြသည်။ **စေတနာထား၍ အလုပ်လုပ်ပါ၊ နှာတစ်ဖျားမက၊ ဝါးတစ်ပြန်သာရမည်** ဟူသော လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်၍တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်အောင်အလုပ်လုပ်ခဲ့ကြသည်။

မြစိမ်းရောင်စီမံကိန်းကို မိုးထဲ၊ လေထဲ၊ နေ့မအား၊ ညမနား အကောင်အထည်ဖော်ရင်း တစ်ဧကတင်း ၁၀၀ကျော်ထွက်သည့်စပါးမျိုးကို မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် စမ်းသပ်စိုက်ပျိုးရန် အခြေအနေများ ပေးလာခဲ့သည်။ ထို့ပြင် မွေးမြူထားသည့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများနှင့် အခြားဘေးထွက်ပစ္စည်းများပေါင်းစပ်၍ လက်တွေ့လတ်တလော အသုံးပြုရန် သဘာဝမြေဩဇာများကိုလည်း ထုတ်လုပ်အသုံးပြုလျက်ရှိနေပြီဖြစ်သည်။

ယခုကဲ့သို့ တန်ဖိုးရှိသော စပါးမျိုးများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ မျိုးပေးရိုးထုံးစံမရှိခဲ့သော်လည်း ပုဂ္ဂိုလ်ရင်းစွဲအပြန်အလှန် ရင်းနှီးခင်မင်မှုများဖြင့် ဩဇာသည်အဖွဲ့တစ်ဖွဲ့၏ ကူညီလိုမှု၊ ဌာနအပေါ် စေတနာ ထားရှိမှုများကြောင့် မြန်မာ့မြေတွင် ယင်းစပါးမျိုး အခြေတည်ခွင့် ရခဲ့လေသည်။ မူလစပါးမျိုး၏ ပင်ရင်းနာမည်ရှိသော်လည်း **မြစိမ်းရောင်** ဟူ၍ အမည်နာမသတ်မှတ်ခဲ့သည်။ **မြစိမ်းရောင်ထဲက မြစိမ်းရောင်။**

လက်ရှိ **မြစိမ်းရောင်** ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် **မြစိမ်းရောင်** စပါးကို စမ်းသပ်အဆင့် စိုက်ပျိုးခဲ့ပြီးနောက် စမ်းသပ်ကွက် မရိတ်သိမ်းမီ စပါးနှံများ ထူးကဲစွာထွက်ရှိ အသီးစုံသည်ကို တွေ့မြင်ရသည်နှင့် ယုံကြည်ချက်အပြည့်ဖြင့် တစ်အုပ်တစ်မဖြစ်အောင် ၂၃ ဧက ထပ်မံစိုက်ပျိုးခဲ့သည်။

ယင်းသို့ဖြင့် ခေတ်မီအဆင့်မြင့်နည်းပညာ၊ အခြေခံစပါး မျိုးကောင်းဖြင့် စမ်းသပ်စိုက်ပျိုးကြိုးစားရန် အကြောင်းဖန်လာခဲ့ပါသည်။ **မြစိမ်းရောင်** စပါးမှာ စိုက်ပျိုးရေးသမားများ သံသယရှိသော စပ်မျိုးစပါး (Hybrid) မျိုးမဟုတ်၊ ဗီဇပြုပြင်မျိုး(GM)လည်းမဟုတ်၊ အထွက်ကောင်းမျိုး(HYV) ထွက်လာသော စပါးကို ထပ်မံအထွက်တိုးစိုက်ပျိုး၍ရသော မျိုးသာလျှင်ဖြစ်သည်။ ထို့အပြင် စပါးတွင် ကျရောက်တတ်သော စပါးပိုး ရောဂါမျိုးသစ်လည်းမပါရှိ။ သို့အတွက် **မြစိမ်းရောင်** ကို မြန်မာ့မြေတွင် စမ်းသပ်စိုက်ပျိုးခြင်းအားဖြင့် မလိုလားအပ်သော နောက်ဆက်တွဲဆိုးကျိုး (Side Effect) ပြဿနာများမရှိနိုင်ဟု သိရသည်။

မြစိမ်းရောင် စိုက်ပျိုးရေးစခန်းကြီးအနေဖြင့်လည်း စပါးမျိုးသစ်နှင့် ပတ်သက်၍ ယုံကြည်ချက် အပြည့်အဝထားရှိသည်။ ပထမစမ်းသပ်ကွက်မှ **မြစိမ်းရောင်** သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ ရှေ့မှောက်တွင် ရိတ်သိမ်းပြီးစ ခြင်တွယ်ရာ၌ တစ်ဧက ၁၆၄ တင်းနှုန်း ထွက်ရှိခဲ့လေပြီ။ ဤသည်ပင်လျှင် **မြစိမ်းရောင်** စိုက်ခင်းအတွင်း ပေါင်းသတ်ဆေးအသုံးမပြုဘဲ စိုက်ပျိုးခဲ့ခြင်းသာဖြစ်သည်။ ပေါင်းသတ်ဆေးကိုသာသုံးစွဲပါက မလိုလားအပ်သော ပေါင်းပင်များမထွက်တော့သဖြင့် စပါးအထွက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စေမည်ဖြစ်သည်။ ယခုထပ်မံစိုက်ပျိုးခဲ့သည့်၂၃ ဧကတွင် နှစ်ဧကကိုသာ ပေါင်းမြက်သတ်ဆေးစမ်းသပ်အသုံးပြုခဲ့သည်။ ယခု ရိတ်သိမ်းပြီးချိန်အထိ ယင်းနှစ်ဧကအကွက်၌ ပေါင်းမြက်လုံးဝထွက်မလာပါ။ ကျန်လယ်ကွက်များတွင် ထွက်လာသည့် ပေါင်းမြက်များကို အကြိမ်ကြိမ် သတ်ရသဖြင့် ကုန်ကျစရိတ်က တစ်ဆကျော်ပိုကုန်သည်။ စပါးပင်များလည်း နာလှသည်။ ထို့အပြင် ထည့်ထားသမျှ မြေဩဇာများကို ပေါင်းမြက်ပင်များကပါ မျှဝေစားသွားခဲ့ကြသည်။

မြစိမ်းရောင်စပါးကို နွေစပါးအဖြစ် တစ်အုပ်တစ်မ စိုက်ပျိုးမှုကို ၂၇-၂-၂၀၀၄ ရက်နေ့တွင်မှ စတင် စိုက်ပျိုးနိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျနေပြီကို သိသော်လည်း မျိုးစပါးများ ထပ်မံရရှိရေးနှင့် ဆင့်ပွားထပ်တိုး စိုက်ပျိုးနိုင်ရေးတို့အတွက် အရဲစွန့်ခဲ့သည်။ ယခုနှစ် မိုးဦးလေဦးကစောစော၊ မုန်တိုင်း ရိုက်ခတ်မှုနှင့်အတူ မိုးသက်လေပြင်းများအောက်ဝယ် **မြစိမ်းရောင်** က ရင့်မှည့်လာသည်။ လယ်ကွင်းထဲ မိုးရေတွေက ဒလဟောနှင့်မို့ ရေထုတ်ရသည့် အလုပ်၊ အလေအလွင့်မရှိအောင် ရိတ်ပြီးစပါးများ ရိုးပြတ်ပေါ်၊ ကန်သင်းပေါ်ပင် မချစေဘဲ အနီးဆုံး ကုန်ထုတ်လမ်းပေါ်ရှိ ယာယီတဲအရောက် လူအင်အားဖြင့် တယုတယ ချက်ချင်းသယ်ထုတ်၊ အခြောက်ခံရသည့် အလုပ်များဖြင့် ဂရုတစိုက် ဆောင်ရွက်ခဲ့ရသည်။ နောက်ဆုံး ၁၆-၆-၂၀၀၄ ရက်နေ့ ရိတ်သိမ်းခြွေလှေ့ပြီး စာရင်းချုပ်ကြည့်လိုက်တော့ ပျမ်းမျှတစ်ဧက ၁၁၀ ဒသမ ၃ တင်း(အစို)။ ကြွက်နှောင့်ယှက်ဖျက်ဆီးမှုသာ မရှိခဲ့ပါက အထွက်နှုန်း ယခုထက်ပိုမည်မှာ ဧကန်အမှန်။ ကြွက်သာမက စာကလေးရန်ကလည်း တစ်ဖုံ၊ ပတ်ဝန်းကျင်ဒေသ တစ်ခုလုံး ရင့်မှည့်နေသည့် **မြစိမ်းရောင်** စပါးခင်းတစ်ခုသာ ရှိ၍ စာကလေးများက ဝိုင်းအုံလာသည်။ မိုးလင်းမှသည် မိုးချုပ် ဝါးလက်ခုပ်နှင့် စာခြောက်ရုပ်ပါ မကျန် နည်းမျိုးစုံဖြင့် ကာကွယ်ခဲ့ရသည်။

အထွက်နှုန်း ကောင်းလှပါသည်ဆိုသော **မြစိမ်းရောင်** ကို သာမန်မျက်စိဖြင့် လေ့လာကြည့်ဖြစ်သည်။ လုံးရှည်လုံးသွယ်မျိုးဖြစ်သည်။ လုံးသွယ်မွှေး၊ အင်းမရဲဘော်တို့ကဲ့သို့ ခပ်ဆင်ဆင် လုံးရှည်လုံးသွယ်မျိုးဆိုတော့ ကမ္ဘာ့ဈေးကွက်ဝင် အဆင့်မီအဆင်းသဏ္ဍာန်မျိုးလည်းဖြစ်သည်။ အရှည်အတိုင်းအားဖြင့် ကိုးမီလီမီတာကျော်ကျော် ရှိသည်။ ဆန်စပါးဟူသည် ပမာဏမြောက်မြားစွာ စိုက်ပျိုးထွက်ရှိရုံဖြင့် အလုပ်မဖြစ်။ အခြေခံစားသုံးကုန် ရိက္ခာဖြစ်ရန်၊ စားသုံးရန် အဆင့်မီပါမှ ထုတ်လုပ်ရကျိုးနပ်မည်ဖြစ်သည်။ ထွက်ရှိလာသော စပါးမှ ဆန်အဖြစ် ကြိတ်ခွဲ ထုတ်လုပ်ကြည့်ပြီး၊ ထမင်းအဖြစ် ချက်ပြုတ်စားကြည့်ရာ၌ လုံးသွယ်မွှေးကဲ့သို့ အနံ့မွှေးကြိုင်ပြီး နူးညံ့ပျော့ပျောင်း စားကောင်းလှသည်ဟုဆိုသည်။ စပါးအရည်အသွေးတွင်လည်း လက်တွေ့ စမ်းသပ်ကြိတ်ခွဲကြည့်ရာတွင် အကျိုးအကျေ အလွန်နည်းပြီး အထွက်နှုန်း ၄၀ ရာခိုင်နှုန်းခန့် ထွက်ရှိကြောင်း သိရှိရသည်။ ဤသို့ဆိုလျှင် **မြစိမ်းရောင်** အသစ်သည် အရေအတွက်ရော၊ အရည်အချင်းပါ ပြီးပြည့်စုံနေပြီဟု ဆိုနိုင်ပေသည်။ စပါးကောင်း စာရင်းဝင်လေပြီ။

မြစိမ်းရောင် အသစ်အထွက်ကောင်းဖို့ အရေးကြီးသော ဆောင်ရန်ရှောင်ရန်ကိစ္စများလည်းရှိသည်။ စပါးရင့်မှည့်ချိန် မိုးမမိဖို့လိုသည်။ ရေသွင်းရေထုတ်လိုသလိုသာ လုပ်ဆောင်ပေးနိုင်လျှင် ဘယ်နေရာမှာမဆို၊ ဘယ်မြေကြီးမှာမဆို ချစိုက်နိုင်သည်။ မြေညီအောင်ညှိပေးဖို့လည်း လိုအပ်သည်။ စံချိန်မီအထွက်ကောင်းလိုလျှင် ညွှန်ကြားချက်များကို အသေးစိတ်ကအစ တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပေသည်။ မြန်မာ့ရေမြေတွင် ဒေသခံစပါးမျိုးများအပါအဝင် စပါးမျိုးပေါင်း မြောက်မြားစွာ စိုက်ပျိုးထွက်ရှိသည်။ ယေဘုယျအားဖြင့် စပါးမျိုးပေါင်း မြောက်မြားစွာ စိုက်ပျိုးထွက်ရှိနေသည်။ သို့သော် မြန်မာ့ဆန် ပြည်ပသို့ တင်ပို့တော့မည်ဆိုလျှင် စပါးမျိုးကွဲပေါင်း မြောက်မြားစွာရှိနေခြင်းက အခက်အခဲတစ်ခု ဖြစ်လာသည်။ စပါးဝယ်ယူရေးတွင် မျိုးမတူသည့် စပါးများသီးခြားစီဖြစ်အောင်၊ မရောအောင်ခွဲခြား၍ စုပုံသိုလှောင်ရသည်။ မျိုးမတူသည်များ ရောနှောစုပုံမိလျှင် စပါးမှ ဆန်အဖြစ်သို့ ကြိတ်ခွဲရေးအပိုင်းတွင် ကျိုးကျေသည့် ပြဿနာ၊ စပါးလုံးများသည့်ပြဿနာ၊ မျိုးကွဲရောနေသည့် ပြဿနာတို့ ဆက်တိုက်ကြုံတွေ့ရပေတော့မည်။ သို့အတွက် အထွက်နှုန်းလည်းကောင်း၊ စားသုံးသူလည်း လက်ခံနိုင်သော စပါးမျိုးဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးစိုက်ပျိုးသင့်ကြောင်း သိရသည်။

အထွက်တိုး ဆင့်ပွားစိုက်ပျိုးနိုင်အောင် မိုးထဲလေထဲ ရိတ်သိမ်းခဲ့ရသည့် **မြစိမ်းရောင်**စပါးများကို ယခု မိုးစပါးမှစ၍ မျိုးပွားအထွက်တိုး စိုက်ပျိုးရင်း ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းသည်ထက် လျော့နည်းအောင် စမ်းသပ်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စက် (Combineharvester) များအသုံးပြုခြင်းတို့ဖြင့် စက်မှုလယ်ယာအဆင့်ရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မေတ္တာမွန်ရောင်းဝယ်ရေး သမဝါယမအသင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၁

လသာမြို့နယ် မေတ္တာမွန်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန်၂၆ရက် နံနက် ၁၀ နာရီတွင် လသာမြို့နယ် အနော်ရထာလမ်းရှိ ဟောင်ကောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မေတ္တာမွန်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ရဲကျော်စွာအောင်လှက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းတင်နှင့် လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အသင်းသားစာရင်းစစ် ဦးမျိုးခင်က ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အမြတ်ခွဲဝေစာရင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက် ရယူကြသည်။ (သတင်းစဉ်)

တိုးတက်စည်ပင် မြို့တော်တစ်ခွင် ဆောင်းပါးပေါင်းချုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်မြို့တော်ကြီး ခေတ်မီလှပသာယာရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းစာများတွင် ဖော်ပြခဲ့သော သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)၏ ဆောင်းပါးများကိုစုစည်းပြီး "တိုးတက်စည်ပင် မြို့တော်တစ်ခွင်" အမည်ဖြင့် ဆောင်းပါးပေါင်းချုပ်စာအုပ်ကို သမီးဇော်တိကစာပေ အမှတ်(၁၇၅/၃) ကန်တော်ကလေး ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် သတင်းဆောင်းပါးများနှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်ဓာတ်ပုံမှတ်တမ်းများကို ဝေဝေဆာဆာဖော်ပြထားသည်။ (သတင်းစဉ်)

သဝဏ်လွှာဖတ်ကြား

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အ-ထ-က(၂) ကျောင်းခန်းမ၌ ဇွန် ၂၆ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်ရေးတိုက်ဖျက်ရေးနေ့ အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌဦးအောင်လွင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လေပြင်းဒဏ်သင့်ကယ်ဆယ်ရေး အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် ကယ်ဆယ်ရေး လုပ်ငန်းအတွက် သံတမန်ကလေးများကျောင်း ရန်ကုန်မြို့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်ပွဲကို ဇွန်၂၈ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင်သံတမန် ကလေးများကျောင်း ကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမြင့်က အလှူငွေကျပ် ၃၅၃၀၀၀ နှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းခေတ္တဥက္ကဋ္ဌဒေါက်တာထွန်းစိန်က လက်ခံပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာကိုပြန်လည်ပေးအပ်သည်။(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း (Program-2)အပတ်စဉ်(၃) ဆင်းပွဲကို ဇွန် ၂၅ရက်က ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre၌ကျင်းပရာ ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်မိုး သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

နီကွန်ဒီဂျစ်တယ် နည်းပညာဆိုင်ရာပြပွဲ

ရန်ကုန် ဇူလိုင် ၁

အဆင့်မြင့်နီကွန်ဒီဂျစ်တယ်ကင်မရာများနှင့် ကွန်ပျူတာများတွဲဖက်၍ စတူဒီယိုဓာတ်ပုံရိုက်ကူးခြင်း၊ စီးပွားရေးလုပ်ငန်းသုံး ကင်မရာများ အသုံးပြုပုံ နည်းပညာဆိုင်ရာပြပွဲကို ရွှေဂုံတိုင် Excel Shopping Mall ပထမထပ်တွင် ဇူလိုင်၂ရက် (သောကြာနေ့)မှ ဇူလိုင် ၄ ရက် (တနင်္ဂနွေနေ့) အထိ နံနက် ၉ နာရီခွဲမှ ည ၈ နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။

လေ့လာသူများ လက်တွေ့စမ်းသပ်နိုင်မည့်အပြင် ပြပွဲကာလအတွင်း နောက်ဆုံးပေါ် နီကွန်ကင်မရာ အမျိုးမျိုးတို့အား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် အဆိုပါပြပွဲကာလသုံးရက်အတွင်း နေ့စဉ်နံနက်၁၀နာရီမှ ၁၂နာရီအတွင်း ဝယ်ယူသူများအား ထပ်ဆင့်အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

စီးပွား/ ကူးသန်းဂျာနယ် အတွဲ(၄)၊အမှတ်(၁၂)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁

ဆရာ မောင်စူးစမ်း၊ ဆရာ အောင်သင်း၊ ဆရာပါရဂူ ၊ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ၊ ရသ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် စီးပွား/ကူးသန်း ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)ကို အမှတ် (၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွား/ကူးသန်း ဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာရင်းစစ်ကြေးများ စုပေါင်းပေးအပ်ပွဲကို ဇွန် ၂၈ ရက်က ဒလမြို့နယ် မြို့နယ်သမဦးစီးဌာနမှူးရုံးတွင် ကျင်းပရာ မြို့နယ်အထွေထွေစီးပွားရေးလုပ်ငန်းစု သမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးစံသိန်း စာရင်းစစ်ကြေးငွေကျပ် ၁၁၀၀၀၀ ကို မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအေးသောင်းသို့ ပေးအပ်စဉ်။ (၅၂၉)

* စာမျက်နှာ ၆ မှ

၂၀။ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့ တင်ပို့ခွင့်ရရှိသူသည်–

(က) ထိန်းချုပ်ဓာတုပစ္စည်းကို တင်သွင်းတင်ပို့သည့်အခါ–

(၁) ထိန်းချုပ်ဓာတုပစ္စည်းများကို လုံခြုံစွာထုပ်ပိုးပြီး တံဆိပ် အမှတ်အသားကို ကပ်ထားရမည်၊

(၂) ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ နည်းဥပဒေ ၁၇ နှင့် ၁၈ တို့အရ ထုတ်ပေးသော ထောက်ခံချက်၊ လိုင်စင် သို့မဟုတ် ပါမစ်မိတ္တူတစ်စောင်စီ တစ်ပါတည်းပါရှိရမည်။

(၃) ပြည်တွင်းပြည်ပမှအခွင့်အာဏာရှိသူ သို့မဟုတ် တာဝန်ရှိသူ၏ စစ်ဆေးမှုကို ခံယူရမည်။

(၄) နည်းဥပဒေ ၁၉ပါအချက်တစ်ရပ်ရပ် ပြောင်းလဲပြင်ဆင်ရန်ရှိပါက ထိန်းချုပ်ဓာတု ပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာတင်ပြရမည်။

(၅) လမ်းခရီးတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည် ထက်ပို၍ လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ချက်ချင်းသတင်းပို့ရမည်။

(ခ) နည်းဥပဒေ ၁၇ ပါ အချက်အလက်ဖော်ပြချက်များနှင့် စာရွက်စာတမ်း အထောက်အထားများကို အနည်းဆုံး ၂နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

၂၁။ ထိန်းချုပ်ဓာတုပစ္စည်းများကို ပြည်ပမှတင်သွင်းသူသည်–

(က) အကောက်ခွန်ဦးစီးဌာနသို့ သွင်းကုန်ကြေညာလွှာဖွင့်လှစ်ရန် အောက်ပါ စာရွက်စာတမ်းများကို ပူးတွဲ၍ တင်ပြရမည်–

(၁) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီ၏ ထောက်ခံချက်နှင့် ယင်းကော်မတီသို့ တင်ပြသည့် သင်္ဘောမတင်မီ ကြိုတင်စစ်ဆေးချက် လက်မှတ် (Pre-Shipment Inspection Certificate) နှင့် အရောင်းအဝယ်ပဋိညာဉ်/သဘောတူညီချက်၊

(၂) သွင်းကုန်လိုင်စင်/ပါမစ်၊

(၃) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ဓာတ်ခွဲစမ်းသပ် စစ်ဆေးချက်၊

(၄) ကုန်ပို့လွှာ [Bill of Lading (B/L)]၊

(၅) ကုန်ပစ္စည်းထုပ်ပိုးစာရင်း [Packing List(P/L)]၊

(၆) ကုန်တန်ဖိုးငွေပေးချေမှုအထောက်အထား၊

(၇) ကုန်တန်ဖိုးစာရင်း

(၈) ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Country of Origin)

(ခ) ပြည်ပမှတင်သွင်းခြင်းမပြုမီ နည်းဥပဒေ ၁၉နှင့်အညီ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

(ဂ) ပြည်ပမှတင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်းကို နည်းဥပဒေ ၂၄အရ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး ဖြစ်ရမည့်အပြင် စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီး ခွင့်ပြုမှသာ ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခွင့်ရှိသည်။

၂၂။ ထိန်းချုပ်ဓာတုပစ္စည်းကိုပြည်ပသို့တင်ပို့သူသည်–

(က) အကောက်ခွန်ဦးစီးဌာနသို့ ပို့ကုန်ကြေညာလွှာ ဖွင့်လှစ်ရန် အောက်ပါ စာရွက်စာတမ်းများကို ပူးတွဲ၍တင်ပြရမည်–

(၁) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီ၏ ထောက်ခံချက်၊

(၂) ပို့ကုန်လိုင်စင်/ပါမစ်၊

(၃) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ဓာတ်ခွဲစမ်းသပ် စစ်ဆေးချက်၊

(၄) အရောင်းအဝယ်ပဋိညာဉ်/သဘောတူညီချက်၊

(၅) ကုန်တင်ဖိုးငွေ ပေးချေမှုအထောက်အထား၊

(၆) နိုင်ငံတကာမှ အသိအမှတ်ပြုထားသော သင်္ဘောမတင်မီ ကြိုတင်စစ်ဆေးချက်လက်မှတ်၊

(၇) သင်္ဘောတင်ညွှန်ကြားလွှာ(Shipping Instruction) (ရေကြောင်းကုန်စည် တင်ပို့ခြင်းအတွက်သာ)

(၈) ကုန်တန်ဖိုးစာရင်း၊

(၉) ကုန်ပစ္စည်းထုပ်ပိုးစာရင်း(Packing List (P/L)

(၁၀) ကုန်လက်ခံစာရင်း(Booking Notes)

(၁၁) ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်၊ (Country of Origin)

(ခ) ပြည်ပသို့တင်ပို့ခြင်းမပြုမီ နည်းဥပဒေ၁၉နှင့်အညီ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများကို ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာတင်ပြရမည်။

၂၃။ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းသူ၊ ပြည်ပသို့တင်ပို့သူသည် ပြည်တွင်းတွင်သယ်ယူပို့ဆောင်ခြင်းအတွက် ဤနည်းဥပဒေများ၏ အခန်း(၅)ပါ ပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း၊ သိုလှောင်ထားရှိပြီး လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်းအတွက် အခန်း(၆)ပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ သိုလှောင်ထိန်းသိမ်းခြင်းအတွက် အခန်း(၇)ပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း လိုအပ်သော ခွင့်ပြုချက်ကို ရယူဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉နာရီတွင် လှည်းကူး–ဖောင်ကြီးလမ်း ငါးဆူတောင်လမ်းဆုံ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ အမျိုးသမီးရေးရာကော်မတီ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မီးသတ်တပ်ဖွဲ့စသည့် အဖွဲ့အစည်းများ တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ပိတောက်၊သစ်ဆိမ့်၊ ကုက္ကိုမန်ကျည်း၊စစ်၊ကျူးလစ်မဟော်ဂနီ၊ ကညင် စသည့် ပျိုးပင်ပေါင်း ၁၀၀၀ကို စုပေါင်း စိုက်ပျိုးကြသည်။

(သတင်းစဉ်)

မွန်ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန်၂၅ရက်က မွန်ပြည်နယ် လုံးကျွတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၏ ဇနီး မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သန်းသန်းနွဲ့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ မော်လမြိုင်တက္ကသိုလ်ဝင်းအတွင်း သစ်ပင်မျိုးစုံ စိုက်ပျိုးကြစဉ်။

(ပြည်နယ်အမျိုးသမီးရေးရာ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုရသူများစာရင်း ကြေညာ

ရန်ကုန် ဇူလိုင် ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ များတွင် ဆုရသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနက ယနေ့ထုတ်ပြန်ကြေညာထားသည်။

ပိုစတာပြိုင်ပွဲတွင် ဆုရသူ များမှာ အဆင့်(၁)အသက်(၆–၈)နှစ်အတန်းတွင် ပထမဆု မနှင်းနွယ်နွယ်အောင် တတိယတန်း အမက ရွှေကုန်း ကျောက်တန်း ရန်ကုန်တိုင်း၊ ဒုတိယဆု မမေထူးမြတ်မွန် တတိယတန်း မြို့မ အလက ကျောက်တန်း ရန်ကုန်တိုင်း၊ တတိယဆု မောင်ကုဋေပိုင်စိုး စတုတ္ထတန်း အထက ရွှေတောင် ပဲခူးတိုင်း၊ အထူးဆု–၁ မောင်ထူးထက်ကျော် စတုတ္ထတန်း မြို့မ အလက ကျောက်တန်း ရန်ကုန်တိုင်း၊ အထူးဆု–၂ မမြတ်သုန္ဒြီမိုးမြင့် ဒုတိယတန်း အထက(၂)စမ်းချောင်း ရန်ကုန်တိုင်း၊ အထူးဆု–၃ မနီလာရွှန်းလက် တတိယတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု–၄ မအေးချမ်းမိုး ဒုတိယတန်း အထက(၁) မြိတ် တနင်္သာရီတိုင်းတို့က ရရှိကြသည်။

အဆင့်(၂) အသက် (၉–၁၂)နှစ်အတန်းတွင် ပထမဆု မခိုင်မြတ်မျိုးထွန်းလင်း သတ္တမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်း၊ ဒုတိယဆုရ မောင်ဟိန်းထက်အောင် သတ္တမတန်း ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်း၊ တတိယဆု မောင်ကောင်းထက် သတ္တမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်းတို့က ရရှိပြီး၊ အထူးဆု–၁ မခိုင်နွယ်ဆွေ စတုတ္ထတန်း အလက(၁)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု–၂ မောင်အာကာမျိုး သတ္တမတန်း အထက(၁) အောင်မြေသာစံ မန္တလေးတိုင်း၊ အထူးဆု–၃ မမေသရဖီကျော် သတ္တမတန်း အထက(၂)ကျောက်တန်း ရန်ကုန်တိုင်း၊ အထူးဆု–၄ မောင်ကျော်ဇင်ထွန်း စတုတ္ထတန်းအောင် အမက(၃၇) ချမ်းအေးသာစံ မန္တလေးတိုင်းတို့က ရရှိကြသည်။

အဆင့်(၃) အသက် (၁၃–၁၅)နှစ်အတန်းတွင် ပထမဆု မခင်ချမ်းမြေ့သူ နဝမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ဇင်ကိုကို နဝမတန်း အထက(၄)အလုံ ရန်ကုန်တိုင်း၊ တတိယဆု မောင်အောင်နိုင်ဦး အဋ္ဌမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ရန်ကုန်တိုင်းတို့က ရရှိကြပြီး၊ အထူးဆု–၁ မောင်သီဟတင် အဋ္ဌမတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု–၂ မသန့်ဆုထက် နဝမတန်း အထက(၂)လသာ ရန်ကုန်တိုင်း၊ အထူးဆု–၃ မခိုင်သဇင်ထက် အဋ္ဌမတန်း အထက(၄)ဗိုလ်တထောင် ရန်ကုန်တိုင်း၊ အထူးဆု–၄ မထူးထူးစိုးကြည် နဝမတန်း အထက (၁၆) ချမ်းအေးသာစံ မန္တလေးတိုင်းတို့က ရရှိကြသည်။

အဆင့်(၄) အသက် (၁၆–၁၈) နှစ်အတန်းတွင် ပထမဆု မနှင်းလဲ့ဖြူ ဒသမတန်း အထက(၂)စမ်းချောင်း ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ဝိုင်းချစ်ဖံ ဒသမတန်း အထက(၂) သံဖြူဇရပ် မွန်ပြည်နယ်၊ တတိယဆု မောင်ရဲကိုကိုအောင် ဒသမတန်း အထက(၁)တာမွေ ရန်ကုန်တိုင်းတို့ရရှိကြပြီး အထူးဆု–၁ မောင်မင်းဇော်ထူး ဒသမတန်း အထက(၂)လှိုင်သာယာ ရန်ကုန်တိုင်း၊ အထူးဆု–၂ မနော်ကေကေလွင် ဒသမတန်း အထက(၃) ထားဝယ် တနင်္သာရီတိုင်း၊ အထူးဆု–၃ မောင်မျိုးကိုကို ဒသမတန်း အထက(၂)လှိုင်သာယာ ရန်ကုန်တိုင်း၊ အထူးဆု–၄ မောင်အောင်ကျော်သူ တက္ကသိုလ်ဝင်တန်းဖြေဆိုထားဆဲ အထက (၂) ပုသိမ် ဧရာဝတီတိုင်းတို့က ရရှိကြသည်။

အဆင့်(၅) အလွတ်တန်းတွင် ပထမဆု ဦးရဲထွဋ်အောင် (လောကနတ်ပန်းချီ) ကျောက်တန်းမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယဆုရ ဒီဇိုင်းကိုသက် စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်း၊ တတိယဆုရ ဦးစိုးလေး ကျောက်တန်းမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု–၁ ဦးဝင်းမြင့်ထွန်း ကျောက်တန်းမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု–၂ ကိုသန်းဇော် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု–၃ ဒေါ်ခင်သက်လွင် သန်လျင်မြို့နယ် ရန်ကုန်တိုင်းနှင့် အထူးဆု–၄ မောင်နေသူရိန်မင်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းတို့က ရရှိကြသည်။

စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများမှာ အခြေခံပညာအထက်တန်း အဆင့်တွင် ပထမဆု မထူးထူးထက် နဝမတန်း အထက(၆) မော်လမြိုင် မွန်ပြည်နယ်၊ ဒုတိယဆု မခင်မြတ်နိုးဟန် အဋ္ဌမတန်း အထက(၂) ရန်ကင်း ရန်ကုန်တိုင်း၊ တတိယဆု မောင်အောင်မြင့် အဋ္ဌမတန်း အလက(၁) မြစ်ကြီးနား ကချင်ပြည်နယ်တို့ကရရှိပြီး၊ အထူးဆု–၁ မောင်သက်ဝင်းဖြိုး နဝမတန်း အထက(၂) စစ်တွေ ရခိုင်ပြည်နယ်၊ အထူးဆု–၂ မဧပရယ်ထွန်း နဝမတန်း အထက(၂)ပုသိမ် ဧရာဝတီတိုင်း၊အထူးဆု–၃ မမေဇွန်ဖူး နဝမတန်း အထက(၁) ပဲခူး ပဲခူးတိုင်း၊ အထူးဆု–၄ မောင်ခွန်သီဟိန်း နဝမတန်း အလက(၂) ကလေး စစ်ကိုင်းတိုင်း၊ အထူးဆု–၅ မောင်စောကလိုထူး နဝမတန်း အထက(၃) ကျိုင်းတုံ ရှမ်းပြည်နယ်တို့က ရရှိကြသည်။

အခြေခံပညာ အလယ်တန်းအဆင့်တွင် ပထမဆု မအိဇာခြည်သက် သတ္တမတန်း အထက(၁) ထားဝယ် တနင်္သာရီတိုင်း၊ ဒုတိယဆု မရွှေရွှေအိ သတ္တမတန်း အလက(၃) မြစ်ကြီးနား ကချင်ပြည်နယ်၊ တတိယဆုရ မအိအိထွန်း သတ္တမတန်း အထက(၂)လသာ ရန်ကုန်တိုင်းတို့က ရရှိပြီး၊ အထူးဆု–၁ မကေသီစိုး ဆဋ္ဌမတန်း အလက(၃) ကျိုင်းတုံ ရှမ်းပြည်နယ်၊ အထူးဆု–၂ မနှင်းသန္တာထွန်း ဆဋ္ဌမတန်း အထက(၄)စစ်တွေ ရခိုင်ပြည်နယ်၊ အထူးဆု–၃ မမေမြတ်မှူးအောင် ပဉ္စမတန်း အထက(၁) ပဲခူး ပဲခူးတိုင်း၊ အထူးဆု–၄ မသက်ထားဆွေနွယ် သတ္တမတန်း အထက(၁)ပြည် ပဲခူးတိုင်း၊ အထူးဆု–၅ မောင်ကျော်ခိုင်ထက် ဆဋ္ဌမတန်း အလက(၁)ပုသိမ် ဧရာတီတိုင်းတို့က ရရှိကြသည်။

ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် အဆင့်အားလုံးမှ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဇူလိုင် ၁၂ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်ရာ ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများသည် ဦးအောင်သန်း ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာနသို့လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများသည် ဦးချစ်ရင် ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အား ဦးစီးဌာနသို့ လည်းကောင်း ပတ်စပို့ဓာတ်ပုံသုံးပုံနှင့်အတူ ဇူလိုင် ၇ရက်တွင် လာရောက်သတင်းပေးပို့ကြရမည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲ အစမ်းလေ့ကျင့်ပွဲကို ဇူလိုင် ၉ရက် မွန်းလွဲ ၁နာရီတွင် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ပြုလုပ်မည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် အထူးဆုရရှိသူများအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်၊ တိုင်းများ၌ သက်ဆိုင်ရာ ပြည်နယ်/တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများမှတစ်ဆင့် ဇူလိုင်၁၂ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

❀ **အောင်ပွဲရမှ**

ရှေးဦးစွာ အောင်ပွဲရ မြန်မာကာယဗလအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး မြင့်အောင်နှင့်အောင်ပွဲရမြန်မာ မြားပစ်အဖွဲ့မှဦးကျော်ဦး၊ အတွင်းရေးမှူး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆုငွေများချီးမြှင့်

ဆက်လက်၍ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ရာ ဝန်ကြီးက ရွှေတံဆိပ်တစ်ဆုရ မြားပစ်အဖွဲ့မှသင်းသင်းခိုင်အား ငွေကျပ်နှစ်သိန်း၊တစ်ဦးချင်း ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ဆုရ ညီညီထွန်းအား ငွေကျပ်တစ်သိန်း၊အဖွဲ့လိုက်မြားပစ်ပြိုင်ပွဲတွင်တတိယဆုရရှိကြသောညီညီထွန်း၊ ထွန်းလင်းအောင်နှင့် ဇော်မင်းထွန်းတို့အား ငွေကျပ်တစ်သိန်းစီနှင့် ကာယဗလပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိသော မင်းဇော်ဦးနှင့် ဇော်ဝင်းတို့အား ငွေကျပ်နှစ်သိန်းစီနှင့်ငွေတံဆိပ်တစ်ဆုရ အောင်ခိုင်ဝင်းအား ငွေကျပ်တစ်သိန်းခွဲတို့ကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အောင်ပွဲရ မြန်မာကာယဗလအဖွဲ့အား ပထမဆုအတွက် ငွေကျပ်တစ်သိန်းနှင့် ဒုတိယဆုအတွက် ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်ချီးမြှင့်ပြီး ရွှေတံဆိပ်ဆုရှင် မြန်မာမြားပစ်အားကစားမယ် သင်းသင်းခိုင်နှင့် ရွှေတံဆိပ်ဆုရှင် မြန်မာကာယဗလမောင် မင်းဇော်ဦးတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရိုးရာလက်ဝှေ့တွေ့ဆုံ

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက်ဈနာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အစည်းအဝေးခန်းမ၌ နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ရိုးရာလက်ဝှေ့အားကစားသမားများအား တွေ့ဆုံအားပေးအမှာစကားပြောကြားသည်။

ထိုတွေ့ဆုံပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် နည်းပြဆရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက၂၀၀၄ခုနှစ် ဇူလိုင်၁၀ရက်မှ ၁၁ရက်အထိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ကျင်းပမည့် နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် ရိုးရာလက်ဝှေ့ အားကစားသမားများအား အားပေးအမှာစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး နည်းပြခြောက်ဦးနှင့် အားကစားသမားရှစ်ဦး စုစုပေါင်း၁၄ဦးတို့အား တစ်ဦးလျှင်ငွေကျပ်တစ်သိန်းစီပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင်ရိုးရာ လက်ဝှေ့အားကစားအသင်းမှ နည်းပြ၊အားကစားသမားများနှင့် စုပေါင်းဓာတ်ပုံရိုက်ပြီး ဝန်ကြီးက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ အားကစားသမားများ အိပ်ဆောင်နှင့် အားကစားသမားများ စားရိပ်သာတို့အား သွားရောက် ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

(၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ


HAN Golf Masters Junior Golf Tour 2004
5th Junior Golf Championship
Myanmar Golf Club
1 July, 2004

ဆုရရှိသူများ

(၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင်များ ဆုချီးမြှင့်ပွဲ အပြီးတွင် တွေ့ရစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၅)ကြိမ်မြောက် Han Golf Masters မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ်(၉)မိုင် ပြည်လမ်း၌ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ မြန်မာဂေါက် ကလပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Wilson Operation မန်နေဂျာ ဦးအောင်ထွန်းဦးက Wilson Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော နေဗလဝင်း မြင့် အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးက အမျိုးသမီး အသက်(၁၈)နှစ်အောက်ပြိုင်ပွဲတွင် ဒုတိယရရှိသော ရွှေရီဝင်း ၁၂၅ချက်နှင့်ပထမရရှိသောခိုင်မွန်ကျော် ၁၂၀ချက်တို့ အားလည်းကောင်း၊ Han Golf Masters Pte., Ltd.မန်နေဂျင်းဒါရိုက်တာ Professional Golfer ဦးချမ်းဟန်က အသက်(၈-၁၀)နှစ်သက်တန်းပြိုင်ပွဲတွင် တတိယ ရရှိသော ရဲဇော်အောင် ၁၁၂ချက်၊ ဒုတိယ ရရှိသော သိန်းသန်းအောင် ၁၁၂ ချက်နှင့် ပထမရရှိသော အာကာကျော် ၁၀၇ချက်တို့အား လည်းကောင်း၊ Pan-West (MYANMAR) Co., Ltd. အထွေထွေမန်နေဂျာ ဦးသန့်က အသက်(၁၁-၁၂)နှစ်သက်တန်း ပြိုင်ပွဲတွင်တတိယရရှိသော ကောင်းထူးအောင် ၁၀၀ချက်၊ ဒုတိယရရှိသော ဥက္ကာရဲထွဋ် ၉၈ချက်နှင့် ပထမရရှိသော စွမ်းသီဟအောင် ၉၀ချက်တို့အား လည်းကောင်း၊ မြန်မာဂေါက်ကလပ်အတွင်းရေးမှူး ဦးကိုနီကအသက်(၁၃-၁၄)နှစ် သက်တန်းပြိုင်ပွဲတွင် တတိယရရှိသော ဥက္ကာလင်းသန့် ၉၂ချက်၊ ဒုတိယရရှိသော လွင်မောင်မောင် ၈၉ချက်နှင့် ပထမရရှိသော စိုးမင်းသူ ၈၉ချက်တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အသက်(၁၅-၁၇)နှစ် သက်တန်းပြိုင်ပွဲတွင် တတိယရရှိသော ထိန်ဝင်း ၈၁ချက်၊ ဒုတိယရရှိသော နေဗလဝင်းမြင့် ၇၄ချက်နှင့် ပထမရရှိသော ဖြိုးကျော်ကျော် ၇၃ ချက်တို့အား ဆုများကိုပေးအပ် ချီးမြှင့်သည်။

အဓိကပံ့ပိုး

ယင်း(၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို Han Golf Masters Pte., Ltd. က အဓိကပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသောPan-West (Myanmar) Co., Ltd.၊ KM Golf Centre၊ Maruman၊ Wilson၊ Accel International Co., Ltd.(Canon)၊ Swing Sport Equipments၊ Medi Myanmar၊Myanmar Golf Club Restaurant၊ Star Ice-Cream နှင့် Myanmar Golf Clubတို့ကလည်း ပံ့ပိုးကူညီပေးကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized By Han Event Management) မှ တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁-၇-၂၀၀၄)

ထားဝယ် - ၂ ဒသမ ၆၇ လက်မ
ကိုကိုးကျွန်း - ၂ ဒသမ ၄၄ လက်မ
ကော့သောင်း- ၂ ဒသမ ၃၂ လက်မ

✡ **ပေါ်တူဂီမှ**

၅၃ရာခိုင်နှုန်းရှိပြီး ပေါ်တူဂီက ဘောလုံးပိုင်ဆိုင်မှု ၄၇ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

ပထမပိုင်း ၂၆ မိနစ်တွင် ပေါ်တူဂီအသင်းထောင့်ကန်ဘောရရှိရာ ဒီကိုကန်တင်ပေးသည့် ဘောလုံးကို ရော်နယ်ဒိုက ခေါင်းတိုက်သွင်း၍ ပထမဂိုးရရှိသည်။

ပေါ်တူဂီအတွက် ဒုတိယဂိုးကို ၅၈ မိနစ်တွင် မီနီချီက ဟော်လန်ဂိုးဧရိယာအစပ်မှ လုလုပပ ကန်သွင်းယူခဲ့ပြီး ဟော်လန်အတွက် ချေပဂိုးကို၆၃မိနစ်၌ ပေါ်တူဂီနောက်ခံလူ အန်ဒရာဒီ ဘောလုံးကို ဖျက်ထုတ်ရာမှ ဂိုးထဲဝင်သွား၍ ရရှိသွားခဲ့ခြင်းဖြစ်သည်။

(ကြေးမုံ)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနအသင်း အနိုင်ရ

ရန်ကုန် ဇူလိုင် ၁

၂၀၀၄-၂၀၀၅ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပတ္တမြားနဂါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ သုဝဏ္ဏကွင်း၌ ကျင်းပသော ပွဲတွင် ကမ္ဘောဇအသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်း - နှစ်ဂိုး။
(ကျော်ကျော်မောင်နှင့် ထွန်းမင်းနိုင်)
ပတ္တမြားနဂါးအသင်း - တစ်ဂိုး။
(လှအေးထွေး)

ပထမပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး နှစ်ဂိုးကိုသွင်းယူနိုင်ခဲ့သည်။ ၂၉ မိနစ်တွင် ကျော်ကျော်မောင်က ပထမဂိုး၊ ၄၁ မိနစ်တွင် ထွန်းမင်းနိုင်က ဒုတိယဂိုးတို့ကိုသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။ ပတ္တမြားနဂါးအသင်းသည် ပထမပိုင်းတွင် တိုက်စစ်၌ အချိတ်အဆက်လွဲနေ၍ ထိထိရောက်ရောက် တိုက်စစ်မဆင်နိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင်ပတ္တမြားနဂါးအသင်းက အရှုံးဂိုးကိုချေပနိုင်၍ တိုက်စစ်အားမြှင့်တင်လာသော်လည်းကာကွယ်ရေးဝန်ကြီးဌာနအသင်းကသာ ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေး လေး၊ ငါးကြိမ်ခန့် ရရှိခဲ့သော်လည်း ဂိုးသွင်းမသေချာခြင်း၊ ပတ္တမြားနဂါးဂိုးသမား မျိုးလွင်ဦး အစွမ်းပြကာကွယ်နိုင်ခြင်းတို့ကြောင့် ဂိုးထပ်မံမရခြင်းဖြစ်သည်။ ပတ္တမြားနဂါးအသင်းအတွက် နှစ်သိမ့်ချေပဂိုးတစ်ဂိုးကို ၁၁မိနစ်တွင် လှအေးထွေးက လျှံဘောမှတစ်ဆင့် ပိတ်သွင်းယူခဲ့သည်။

ပတ္တမြားနဂါး အသင်းမှာ ဒုတိယချေပဂိုးရရှိရန် အားထည့်ကစားခဲ့သော်လည်း ကာကွယ်ရေးဝန်ကြီးဌာနအသင်း နောက်တန်းက ပိတ်ဆို့ကစားနိုင်ခဲ့၍ ပွဲအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ဖြင့် အုပ်စုတက်သွားပြီဖြစ်ပြီး ပတ္တမြားနဂါးအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ လေးမှတ်ရရှိခဲ့သည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
(သုဝဏ္ဏကွင်း)
ဘဏ္ဍာ/အခွန်နှင့်ပို့ဆောင်ရေး(က)
(အောင်ဆန်းကွင်း)
သစ်တောရေးရာနှင့် လယ်ယာထွက်ကုန်။

(ကြေးမုံ)

တွေ့ဆုံ

ကာကွယ်ရေးဝန်ကြီးဌာနအသင်း တိုက်စစ်မှူး အောင်မိုးဦးနှင့် ပတ္တမြားနဂါးအသင်း ဂိုးသမားမျိုးလွင်ဦးတို့ ဤသို့တွေ့ဆုံ ခဲ့ကြသည်မှာ။
(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၀	၅။ နားဝင်ငြိမ့်စီး သီချင်းကြီး
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Classification of Fotial Networks **(ဒုတိယနှစ်၊ ပထဝီဝင်)**
၅:၃၀	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း-၁)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **အရှင်ဇနကာဘိဝံသာ၏ ထေရုပ္ပတ္တိ "လူတွင်တစ်ယောက်ဆိုရလောက်အောင် ထွန်းတောက်မည့်သူ"**
	၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်က လှုပ်ရှား စားသမား" (အပိုင်း-၁၆)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ ‘ပန်း’ဒါန

※ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး
လုပ်ငန်းကော်မတီက ဦးဆောင်လျက်“ထာဝရ ဒါန”
“အရိပ်အလှူ ပန်းအလှူ”ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

※ “မနာပ ဒါယီ လဘတေ မနာပံ”
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ်ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

※ အာရာမရောပ ဒါန = ပန်းပင်သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသောသစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း…တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်
ဆောက်လုပ်လှူဒါန်းခြင်း…နှင့်
ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

※ “သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း”

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း
ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင်
ဘက်စုံထောင့်စုံ အာရုံညွတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက်
“အရိပ်ရပင်များ”“ပန်းအလှပင်များ”စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

※ ဤနေရာမြတ်တွင်…
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန(နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း…
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင် ကိုယ်ကြပ် ပန်းကပ်ဆက်လှူ
ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရှက်ဆောင်ကြပါစို့။

※ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သော အပင်များကို
သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

		လိုအပ်သောအရေအတွက်	တစ်ပင်နှုန်း
အရိပ်ရပင် –	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆၁၅၀၀၀	
ပန်းအလှပင် –	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
(Ground	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
Cover)	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀–၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုဏ္ဏာရိက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျို့မနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုယ်ရုံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန

လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ

ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း–၂၅၁၈၅၁၊၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ

B.A(Eng)
SUPER-A-ONE
511231

သုံးထပ်ကျောင်း ရေစက်ချပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁

သဃ်န်းကျွန်းမြို့နယ် ၈/ တောင်ရပ်ကွက် ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက် သုံးထပ် ကျောင်းဆောင်သစ် ရေစက်ချပွဲနှင့် (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ သင်္ကန်းတစ်စုံလျှင် (ဆွမ်းစာရိတ် အပါအဝင်) ကျပ် ၃၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်၍၊ သုံးထပ်တိုက် ကျောင်းသစ် ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းထားသည့် အလှူရှင် ဓမ္မမိတ်ဆွေများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ရန် ဖိတ်ကြားထားသည်ဟု သိရသည်။

(၂၃)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးမင်းဦး C.D.C - 52066၏ 4 Ticket,E.D.H,Tanker နှင့် PSC & RB လက်မှတ်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။ **ဖုန်း–၅၇၇၉၅၇**

AA MEDICAL PRODUCTS LTD.

MEDICAL

QUALITY FOR HEALTHY & HAPPY LIFE

A A Medical has been appointed
to be the Distributor of
GlaxoSmithKline
Pharma products (Prescription Medicines)
in Myanmar
Effective 1st July 2004.
All Customers can contact the below address for
GlaxoSmithKline products.

Do more, feel better and live longer
gsk GlaxoSmithKline

Head Office
AA MEDICAL PRODUCTS LTD.
408/410, 6th & 7th Floor, Mahabandoola Rd.,
Yangon, Myanmar.
Tel: (95-1) 249591-3, Fax: (95-1) 249718
E-mail: aa.medical@mptmail.net.mm

ယခုနှစ်ရန်ကုန်တိုင်းတွင် မိုးစပါးဧက ၁၂ သိန်း စိုက်ပျိုးမည် လျာထားသတ်မှတ်ချက်အတိုင်းအပြည့်အဝစိုက်ပျိုးနိုင်ရန်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဇွန် ၃၀ရက် နံနက် ၈နာရီတွင် သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ ကျင်းပသည့် ရန်ကုန် တောင်ပိုင်းခရိုင် မိုးစပါး အပြည့်အဝ စိုက်ပျိုးရေးနှင့် နွေစပါးစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီ အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခြေခံကောင်း

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်း အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းသည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံပြည့်စုံရေး၊ ဒေသ၏ စီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းရေး၊ ဒေသခံတောင်သူ လယ်သမားများ၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ အဓိကဖော်ဆောင်ပေးနေသည့် အခြေခံကောင်း တစ်ခုဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း မိုးစပါးဧက ၁၂သိန်း စိုက်ပျိုးထုတ်လုပ်မည် ဖြစ်ကြောင်း၊ ရန်ကုန်တောင်ပိုင်း ခရိုင်သည် ရန်ကုန်တိုင်းအတွင်း မိုးစပါးအများဆုံး စိုက်ပျိုးထုတ်လုပ်မည့် ခရိုင်ဖြစ်၍ လျာထားသတ်မှတ်ထားသည့် ဧကရှစ်သိန်း အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်ရေး တိုင်းခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက စနစ်တကျ စီမံဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ လာမည့်နွေစပါး စိုက်ပျိုးရာသီတွင်လည်း နွေစပါး လျာထားသတ်မှတ်ချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ရန် နိုင်ငံတော်က နည်းလမ်းမျိုးစုံဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည့် စိုက်ပျိုးရေ ရရှိရေး လုပ်ငန်းများကို မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် နယ်မြေများ၌ အပြည့်အဝ ရရှိရေးအတွက် ရေသွင်း ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်မည့်နေရာများ၊ ချောင်းပိတ်မြောင်းပိတ် ဆောင်ရွက်ရမည့် နေရာများကြိုတင်စီမံ ဆောင်ရွက်ရမှာ ဖြစ်ကြောင်း။

ဒေသတိုးတက်ရေး ကြိုးပမ်း

ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များအပြင် မိမိတို့ တာဝန်ကျရာဒေသ၏ တိုးတက် ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုဘဝတိုးတက်မြင့်မားရေးတို့အတွက် စေတနာထားကာ လုံ့လဝီရိယအပြည့်ဖြင့် နည်းလမ်းများ ရှာကြံကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ထို့ပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ရေမြေ၊ သဘာဝရာသီဥတုကို အကျိုးဖြစ်ထွန်းနိုင်ဆုံးဖြစ်အောင် ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ဖန်တီး စိုက်ပျိုးရမှာ ဖြစ်ကြောင်း၊ စိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားလာစေရန် နည်းလမ်းလေးသွယ်အသုံးချ စိုက်ပျိုးရေး စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာ မြို့နယ်များအလိုက် မိုးစပါး လျာထားသတ်မှတ်ချက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု နွေစပါး အပြည့်အဝ စိုက်ပျိုးနိုင်ရန် ရေရရှိရေး လုပ်ငန်းများကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု၊ မြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်က လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မိုးစပါး အပြည့်အဝအချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးနည်းပညာများ ကူညီပံ့ပိုးပေးမည့် အခြေအနေ၊ နွေစပါး စိုက်ပျိုးရေ ရရှိရေးအတွက် ရေသွင်း ရေနုတ်မြောင်းများ၊ ချောင်းပိတ်မြောင်းပိတ် လုပ်ငန်းများ၊ မြစ်ရေတင်စီမံကိန်းများဖြင့် ကူညီဖြည့်ဆည်းပေးမည့် အခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ကူညီဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် မိုးစပါးအပြည့်အဝ စိုက်ပျိုးရေးနှင့် နွေစပါး စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ရန်ကုန်တိုင်း)

တရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်(ခ)၁၀လမ်း မဟာစည်သြဝါဒခံ ရွှေရင်အေးသာသနာ့ရိပ်သာဝင်းအတွင်း ဆောက်လုပ်ပြီးစီးသွားသော သုံးထပ်ဓမ္မဗိမာန်တော်ကြီးအား ရေစက်ချပွဲကို ဇူလိုင် ၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ အကြိုတရားပွဲများအဖြစ် ဇူလိုင် ၂ ရက် ညတွင် ဘဒ္ဒန္တပညာနန္ဒ (မဟာစည်နယ်လှည့် ဓမ္မကထိက) ရွှေရင်အေးဆရာတော်၊ ဇူလိုင် ၃ ရက် ညတွင် ဘဒ္ဒန္တခေမာသီရိလင်္ကာရ ပိဋကတ် တစ်ပုံခွဲအောင် သီတဂူ ကြာတစ်ပွင့်၊ ရွှေပြည်ဟိန်းဆရာတော်၊ ဇူလိုင် ၄ ရက် ညတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ သ-စ-အပါဠိပါရဂူ (ယောဆရာတော်) တို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်သည်။

(က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန် တိုးမြှင့်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှုကော်မတီ အစည်းအဝေးဖွင့်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေး ဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှု ကော်မတီ (၁၁)ကြိမ်မြောက် အစည်းအဝေး(11th Meeting of the Joint Committee on ASEAN Cooperation in Agriculture and forest Promotion Scheme) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ဌာနေ ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ အာဆီယံ Secretariat ရုံးမှ Mr. Rony Soerakoesoe Mah နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် အစည်းအဝေး တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသောအာဆီယံ

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (၁၁)ကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် National Commercial EnterpriseLtd. ၏ TheBestMyanmar Green Teaပြကွက်၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ ပဲအမျိုးမျိုးနှင့် ဘဏ္ဍာနှစ်အလိုက် ပဲအမျိုးမျိုးထုတ်လုပ်မှုပြကွက်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ရော်ဘာ၊ စားအုန်းဆီ၊ သီဟိုနှင့် မက္ကဒေးမီးယားပြကွက်နှင့် မြန်မာ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်း၏ Arabica Coffee Robuster Coffee နှင့် Cotimor Coffeeပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကော်မတီ(၁၁)ကြိမ်မြောက် အစည်းအဝေးကို မင်းတုန်းခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် မြန်မာကိုယ်စားလှယ်အဖွဲ့မှ စိုက်ပျိုးရေးစီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွတ်ဦး၊ တွဲဖက်သဘာပတိအဖြစ် ဖိလစ်ပိုင်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ Mr. Salvador S. Salawp တို့က ဆောင်ရွက်ပြီး အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များက လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးကိစ္စရပ်များကို ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆၁၅-I)၊ မာလာလမ်းသွယ်နေ
ဦးခင်မောင်-ဒေါ်ခင်ဌေးမြင့်တို့၏ တစ်ဦးတည်းသောသား၊
ဟာဂျီဦးကျော်နိုင်ဦး-ဟာဂျီမ ဒေါ်ခင်ခင်မိုး
(Naing Group Construction Co., Ltd)တို့၏ သားတပည့်

မောင်ခင်မောင်ဝင်း

La Wun Thit Construction & Interior Decoration Service Group

နှင့်

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ သိန်းနီလမ်းနေ
ဟာဂျီဦးသိန်းအောင်-ဟာဂျီမ ဒေါ်ခင်အေး(တိုကျိုကားအမိုးကူရှင်၊
ကားပစ္စည်း၊ ဂျပန်ကားမှန်လုပ်ငန်း)တို့၏ သမီးထွေး

မခင်သန္တာအောင်

တို့သည် ၁၈-၆-၂၀၀၄နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ခင်မောင်ဝင်း-မခင်သန္တာအောင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တိုက်ကြီးမြို့၊ ရှမ်းစုရပ်၊ လယ်တီ(၂)လမ်းနေ
ဦးခင်မောင်မြင့်-ဒေါ်တင်မြင့်တို့၏ သား

မောင်ကျော်စွာစိုး B.A(History)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းအုတ်စက်ရိပ်သာနေ
ဦးထင်ကျော်ဦး-ဒေါ်ခင်အေးချိုတို့၏ သမီး

မသဲဆုဝင်း B.A(Business Management)

တို့သည် ၂၇-၆-၂၀၀၄ရက်နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စွာစိုး-မသဲဆုဝင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၆၄၁

ဦးမြသွင် နှင့် ၁။ **ဦးကျော်သီဟ**
အမှတ်-၁၇၆(ပထမထပ်) ၂။ **ဦးစိုးမြင့်ဦး**
ယာဘက်အခန်း၊ လမ်း-၄၀ ၃။ **ဒေါ်အမာချို**၊အမှတ်၉/၁၁၊ လမ်း
(၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ် သွယ်(၃)၊ပထမသော်မဆင် ရိပ်သာ၊
ရန်ကုန်မြို့။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၄။ **ဒေါ်ခင်သီတာထွန်း**
၅။ **ဒေါ်တာမီကို**

တရားလို **တရားပြိုင်များ**

အထက်အမည်ပါ အမှတ်(၃)တရားပြိုင် ဒေါ်အမာချို(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုက "မူလနေထိုင်သူ ရထိုက်ခွင့်ရှိသောအခွင့်အရေးအတိုင်း အခန်းပြန်ရထိုက်ခွင့်ရှိကြောင်း(သို့မဟုတ်)၁၉-၁၂-၂၀၀၃ရက်နေ့က အန္တရာယ်ရှိအဆောက်အအုံဟောင်းအား ဖျက်သိမ်းပြီး အဆောက်အအုံသစ်ဆောက်လုပ်ရန် ကန်ထရိုက်တာနှင့် အိမ်ခန်းပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက်သဘောတူ ကတိစာချုပ်ပါအတိုင်း အခန်းပြန်လည်ရထိုက်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု"စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇူလိုင်လ(၂၀)ရက် (၁၃၆၆ခု၊ ပထမဝါဆိုလပြည့်ကျော်၁၄ရက်)မွန်းမတည့်မီ ၉း၃၀နာရီအချိန်တွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ(၂၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **အောင်ဝင်း(တွဲဖက်တိုင်းတရားသူကြီးအမှတ်-၉)**
ရန်ကုန်တိုင်းတရားရုံး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄)ရပ်ကွက်၊ ငွေစင်လမ်း၊
အမှတ်(၁၀၂၅)နေ
ဦးတင်ဦး(ဆိပ်ကမ်း သ/မ၊ ငြိမ်း)-ဒေါ်တင်တင်ဝင်း
တို့၏ တစ်ဦးတည်းသောသား

မောင်ကျော်ကျော်လတ် B.E. (Mechanical)

အောင်ရှိဖြိုးကုမ္ပဏီလီမိတက်

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊
အမှတ်(၂၀)နေ
ဦးအောင်မြင့်(စား/ဖျော်၊ ငြိမ်း)-ဒေါ်စုစုကြည်တို့၏ သမီးဦး

မမီမီအောင် B.Sc .(Physics)

Miwon Shwe Thazin Co., Ltd.

တို့သည် ၂၇-၆-၂၀၀၄နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ကျော်လတ်-မမီမီအောင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်။

တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ် (၃)ထပ် အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟင်္သာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (B.Q)နှင့် တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များမှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၂၈၇၃၊ ၅၄၃၃၃၆။

၆။အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ၊ အင်းစိန်မှ အဆင့်အတန်းမီ ဓာတ်ငွေ့ဂဟေဆက်နည်း၊ ဖြတ်နည်းနှင့် လျှပ်ပန်းဂဟေဆက်နည်း၊ အခြေခံသင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားပေးနေပြီ။

* သင်တန်းအမှတ်စဉ်(၉၆)
* ၇-၇-၂၀၀၄နေ့ စတင်ဖွင့်လှစ်မည်။
* ပါတ်(စ်)ပို့ဓာတ်ပုံ သုံးပုံယူခဲ့ရမည်။
* ထိရောက်စွာ သင်ကြားနိုင်ရန် သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။
* အင်္ဂလိပ်ဘာသာဖြင့် CERTIFICATE ပေးသည်။

ဖုန်း-၆၄၀၂၇၂၊ ၆၄၀၀၀၇။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် - ၂၈/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဇွန်လ ၂၄ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ဌာန	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်	လက်ထောက်မော်ကွန်းထိန်း	တက္ကသိုလ်တစ်ခုခုမှဘွဲ့ (အမျိုးသား)	(၁) နေရာ
(ခ)	လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန	လက်ထောက်အင်ဂျင်နီယာ (ဆက်သွယ်)	အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ (အမျိုးသား)	(၂) နေရာ
		လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)	မြို့ပြအင်ဂျင်နီယာဘွဲ့	(၂) နေရာ
		လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ (အမျိုးသား)	(၂) နေရာ
		လက်ထောက်အင်ဂျင်နီယာ (စက်မှု)	စက်မှုအင်ဂျင်နီယာဘွဲ့ (အမျိုးသား)	(၆) နေရာ
		စာရင်းစစ်အရာရှိ	ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ	(၁) နေရာ
		ဦးစီးအရာရှိ	တက္ကသိုလ်တစ်ခုခုမှဘွဲ့	(၂) နေရာ
(ဂ)	ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး	လက်ထောက်မန်နေဂျာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့	(၃၅) နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၆-၇-၂၀၀၄နေ့တွင် အသက် (၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) လက်ထောက်မော်ကွန်းထိန်း၊ လက်ထောက်အင်ဂျင်နီယာ(ဆက်သွယ်)၊ လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု)ရာထူးများအတွက် လုပ်ငန်းသဘာဝအရ အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၇-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅ဝိ/-ကိုသီးခြားပေးသွင်းပြီး၊ ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၇-၂၀၀၄နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၂-၈-၂၀၀၄နေ့နှင့် ၂၃-၈-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၉-၈-၂၀၀၄နေ့ မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

[illegible]

အမည်ပြောင်းခြင်း

ဦးစောအောင်၏သား အထက(၁) ဒဂုံ၊အဋ္ဌမတန်း(F)မှ မောင်ဇာနည်ထူးအား ယနေ့မှစ၍ မောင်ဇာနည်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇာနည်အောင်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မယဉ်ယဉ်မြင့်[၂/လကန(နိုင်)၀၁၃၅၂၁]သည် ခင်ပွန်းဖြစ်သူ၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် ၎င်း၏သဘောဆန္ဒအလျောက် (အိမ်တွင်းပစ္စည်းများကိုယူဆောင်၍) ၂၃-၆-၂၀၀၄ရက်နေ့တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကျွန်တော်နှင့် လုံးဝသက်ဆိုင်ပတ်သက်မှု မရှိတော့ပါ။

လှသန်း
[၂/လကန(နိုင်)၀၁၃၅၂၀]
၂၁(က)မင်းစုရပ်၊ လှိုင်ကော်မြို့။

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်

ခေတ်မီလှပ်ရောင်ခြည်မှ ကာကွယ်ပေးသော ပါဝါ မျက်ကပ်မှန် အထူးလျှော့ဈေး
၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 383884
၁၁၅ ပထမထပ်၊ ယုဇနပလာဇာ။

LIFESTYLE

ဒီဇာပယ်

EXECUTIVE

PC WORLD

Windows Start & Stop

၂၀၀၄ ခုနှစ် ဇူလိုင်လ ထွက်ပြီ။

MAHARAJA *Indian Specialty Restaurant* မှ HALLAL
MAHARAJA
☎: 720126, 256542, 256543 Fax: 256889

အမြန်ရောင်းမည်

၁။မ/ဒဂုံ၊ ဦးဝိစာရလမ်း၊ (၄၂)ရပ်ကွက်၊ (40'x60')မြေ
၂။မ/ဒဂုံ၊ ဇော်ဂျီလမ်း၊ (၄၂)ရပ်ကွက်၊ တစ်ထပ်တိုက်၊ ရေ၊ မီး
၃။မ/ဒဂုံ၊ ဦးဝိစာရလမ်း၊ ကျောကပ်၊ (၄၂)ရပ်ကွက်၊ (40'x6o')မြေ
၄။၄/တစ်ထောင်ကျော်၊ Fordကား(လုပ်ငန်းသုံးရန်နှင့်ကျောင်းကားသင့်)

ဖုန်း-၇၀၃၄၁၅၊ ၀၉ ၈၀ ၂၁၁၇၉။

MENTOR LMC
(Mon & Tue 6:00 - 7:30 p.m.) 05 - July - 04

ခင်မောင်ထွန်း
သံမဏိနှလုံးသားမှ
စီးဆင်းလာသောဝမ်းရေ
ကိုယ်တွေ့မှုခင်းများ
ထွက်ပြီ

လီလီ
Discount 20%
☎ 211126

ကိုရှုထုး ပြည်

EMPEROR
MEN MAGAZINE

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်-၁၆၃/၂နေ ဦးဝင်းဆောင်၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် မှတ်ပုံတင်အမှတ်-၂၀၇၉/၀၃နှင့် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို သုံးစွဲပြီး၊ ဘုန်းတော်ကြီးစီး၊ ယောကျ်ားစီး၊ မိန်းမစီး၊ ကလေးစီးဖိနပ်အမျိုးမျိုးကို ထုတ်လုပ်လျက် ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူဘူးနှင့် စက္ကူရွက်တို့တွင် တံဆိပ်ရိုက်နှိပ်ထုပ်ပိုးပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ချိရောင်းချခဲ့ရာ ရဟန်းရှင်လူပြည်သူများ၏ အားပေးမှုကြောင့် အမည်ကောင်း သတင်းရရှိလာပါ၍ သုံးစွဲသူများကို ကျေးဇူးတင်ရပါသည်။



ရွှေသရဖူအမှတ်တံဆိပ်ဖိနပ်များကို သတင်းစာနှင့် တီဗွီတို့တွင်ကြော်ငြာခဲ့၍ အားပေးသူများပြားလာသည့်အချိန်တွင် ရွှေသရဖူ၏အမည်တူ၊ သရဖူ တံဆိပ်တူ၊ GOLDEN CROWN အမည်တူများပြုလုပ်လျက် ရန်ကုန်နှင့် အချို့နယ်များတွင် ရွှေသရဖူအစစ်ကဲ့သို့ ရောင်းချနေသည်ကို တွေ့မြင်လာရပါသည်။ အထက်ပါ အမှတ်တံဆိပ်သာလျှင် ရွှေသရဖူအစစ်အမှန်ဖြစ်ကြောင်း သုံးစွဲသူများအား ကြေညာအပ်ပါသည်။ အတုပြုလုပ်သူများကိုလည်း ထုတ်ဖော်၍ ဥပဒေနှင့်အညီ အရေးယူရန်စီစဉ်နေပြီဖြစ်ကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးငွေသိန်း H.G.P.,LL.B., Advocateship
D.B.L., D.A. Psy., D.M.L
တရားရုံးချုပ်ရှေ့နေ(၄၅၂၄)
အမှတ်-၅၈၊ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **ပရိဘောဂထုတ်လုပ်မှုလိုင်းမန်နေဂျာ (အတွေ့အကြုံရှိသူ)** **ကျား/မ(၂)ဦး**
၂။ **ကုန်ထုတ်လုပ်ငန်းကြီးကြပ်ရေးမှူး** **ကျား/မ(၃)ဦး**
(သစ်အချောထည်လုပ်ငန်းအတွေ့အကြုံရှိသူ)
၃။ **ရုံးအုပ်ကြီး/ရုံးအုပ်(အသက် ၃၀မှ၅၀နှစ်အတွင်း)** **ကျား/မ(၃)ဦး**
(ရုံးလုပ်ငန်းနှင့်ရုံးစာရေးခြင်းကောင်းစွာကျွမ်းကျင်သူ)
၄။ **သစ်ခွဲစိတ်ကြီးကြပ်ရေးမှူးဂန်ဒယ်** **ကျား/မ(၂)ဦး**
(သစ်ခွဲစိတ်မှုကြီးကြပ်ခြင်းအတွေ့အကြုံကောင်းစွာရှိသူ)
၅။ **ပရိဘောဂကျွမ်းကျင်လက်သမား** **ကျား (၅)ဦး**
၆။ **ပရိဘောဂ Polishလုပ်ငန်းကျွမ်းကျင်သူ** **ကျား/မ(၅)ဦး**
၇။ **ပတ်လွှဝိုင်းဆရာ(Band Saw Operator)** **ကျား (၅)ဦး**
(ပတ်လွှဖြင့်သစ်ခွဲစိတ်မှု အတွေ့အကြုံကောင်းစွာရှိသူ)
၈။ **Boiler Operator** **ကျား (၂)ဦး**
(သင်တန်းဆင်းလက်မှတ်ရှိပြီး အတွေ့အကြုံကောင်းစွာရှိသူ)
၉။ **Fork Liftယာဉ်မောင်း (ကောင်းစွာမောင်းနိုင်သူ)** **ကျား (၂)ဦး**
၁၀။ **Driver (ယာဉ်ငယ်မောင်း)** **ကျား/မ(၃)ဦး**
(လိုင်စင်သက်တမ်းအနည်းဆုံး ၃နှစ်ရှိသူ)
၁၁။ **လုံခြုံရေးဝန်ထမ်း/မီးသတ်ဝန်ထမ်း** **ကျား (၄)ဦး**
(ကျန်းမာသန်စွမ်းသူ အသက် ၃၀မှ ၅၀နှစ်အတွင်း)
(စစ်မှုထမ်းဟောင်း/မီးသတ်ဝန်ထမ်းဟောင်း ဦးစားပေးမည်)
၁၂။ **ဥယျာဉ်မှူး** **ကျား (၃)ဦး**

လျှောက်ထားသူသည် အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ၃၁-၈-၂၀၀၄နေ့ နောက်ဆုံးထား၍ စာတိုက်သေတ္တာအမှတ်(၆၆၇)သို့ ပေးပို့လျှောက်ထားကြရန်။ အလုပ်သမားမှတ်ပုံတင်ပါရှိရမည်။

မြေညီတိုက်ခန်းရောင်းမည်

ရေကျော် YMBA အနီး၊ 15'x50',HKနှစ်လွှာ၊ကိုယ်ပိုင်မီတာ၊ ရေစက်၊ ဖုန်း-Aircon၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အသင့်နေနိုင်။

ဖုန်း-၅၆၁၅၉၆၊ ၀၉ ၅၀၀ ၁၃၉၄။

ACCPAC ! Peachtree
PEACE GLOBAL

ကုန်အမှတ်တံဆိပ်တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာခြင်း
မျက်မှန်နန်းတော်

NEW MOTION TRAVELS CO., LTD.

The Hotel @ Tharabar Gate

Ph: 725 799, 537 024

ရွှေပြည်သာစက်မှုဇုန်ရှိ စက်မှုမြေနှင့်
စက်ရုံများ အမြန်ဝယ်လိုပါသည်။
ဖုန်း – ၃၈၂၃၇၉၊ ၃၈၂၄၀၄၊ ၀၉ – ၈၀ – ၃၁၂၂၉။

FAME DYSENZI®
ဝမ်းကိုက်ပျောက်ဆေး

မြို့နှင့်ဆိုင်တိုက်ခန်းရောင်းမည်

ဆက်သွယ်ရန်– (ပွဲစားမလိုပါ)

ACCPAC
Peachtree
PEACE GLOBAL

Honey Moon
Car Rental
မြို့တွင်း/နယ်၊လချုပ်ကားမျိုးစုံငှားသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
Ph: 09-50 18867, 240832, 287129။

အမည်ပြောင်းခြင်း

အဘ ဦးထွန်းအုံ၏သားငယ် မောင်မျိုးဇော်ထွန်းအား မောင်မျိုးကျော်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မျိုးကျော်လွင်။

ဖခင်အမည်မှန်

သန်လျင်မြို့၊ အထက(၂) စတုတ္ထတန်း (က)မှ မငြိမ်းစုဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုး [၁၂/သလန(နိုင်) ၀၄၉၃၈၀]ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် ဒ/၄၀၇၁ ကမ–၃တွင် အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ဆုံးထားလာပါ၍ ကန့်ကွက်လိုသူများ ယနေ့မှစ၍ ၁၅ ရက်အတွင်း (ကညန) တိုင်းဦးစီးမှူးရုံး(ပဲခူး)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)။**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၊ မြေကွက်အမှတ်–၉၅၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် တောင်ဥက္ကလာပမြို့နယ်၊(၃/ခ)ရပ်ကွက်၊ဝေဇယန္တာလမ်း၊ အမှတ်(၉၅)ဟုခေါ်တွင်သော အဆောက်အအုံနှစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ကြသူများဖြစ်ကြသည့် (၁) ဦးခင်မောင်ဦး[၁၂/ဥကတ(နိုင်) ၀၂၈၅၀၅]၊(၂)ဦးတင်အောင်(ခ)ဦးတင်လှ[၁၂/ဥကတ(နိုင်)၀၃၄၄၅၀]၊ (၃)ဦးသိန်းထွန်း[၁၂/ကမရ(နိုင်)၀၂၈၅၆၆]၊ (၄)ဦးသန်းထွန်း[၁၂/ဥကတ(နိုင်)၀၄၈၈၅၉]၊ (၅)ဦးအောင်ထွန်း[၁၂/ဥကတ(နိုင်)၀၃၃၈၇၅]တို့ ငါးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေနှင့် ဒုတိယအရစ်ငွေတို့အား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်/မြေအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒေါ်ခင်နှင်းဆီ
တရားရုံးချုပ်ရှေ့နေနှင့် ဘဏ်ရှေ့နေ
အမှတ်စဉ်–၃၂၆၀။
အမှတ်–၁၅၈၊ တတိယထပ်၊ ၃၂လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ဇေရာဇ်ရပ်ကွက်၊ ဉာဏလမ်းနေ ဒေါ်ကြည်(ခ)ဒေါ်ခင်ကြည်သည် ၎င်းလက်ရှိနေထိုင်လျက်ရှိသည့် အိမ်မြေများနှင့် ၎င်းပိုင်ပစ္စည်းအရပ်ရပ်တို့ကို ဘာသာ၊ သာသနာအကျိုးပြုလုပ်ဆောင်ရွက်ရန် ၁၀–၁–၈၉နေ့ကတည်းက ဇေရာဇ်ရပ်ကွက် ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့/ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့၊ ရဟန်းသံဃာ၊ ရပ်မိရပ်ဖလူကြီးများရှေ့မှောက်တွင် ယင်းရပ်ကွက်ရှိ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒိယအား လှူဒါန်းထားသည့် ပစ္စည်းများဖြစ်ပါကြောင်းနှင့် အလှူရှင်၏ဆန္ဒအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ တစ်စုံတစ်ရာဟန့်တား နှောင့်ယှက်ပါက တည်ဆဲတရားဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တနန္ဒိယ၏ညွှန်ကြားချက်အရ–
ဦးညွန့်ရှိန်(တရားရုံးချုပ်ရှေ့နေ)၊ ဦးခင်မောင်ထွန်း(တရားရုံးချုပ်ရှေ့နေ)
ဒေါ်စိုးစိုးနွဲ့(အထက်တန်းရှေ့နေ)
ရုံးခန်း – အမှတ်(၅၀)ပထမထပ်၊ အခန်း–အီး(၁၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၊ မြေကွက်အမှတ်–၄၂/ခ၏အနောက်ဘက်မြေကွက်၊ ဧရိယာ(၀ဒသမ၀၂၂)ဧကရှိ(အစိုးရမြေ)၊အမှတ်( )၊ သုဓမ္မာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သောမြေကွက်ကို ဦးတင်စိုးအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း) ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းဌာနမှ ဒုညွှန်ကြားရေးမှူး၊ စီမံချက်မန်နေဂျာ ဒေါက်တာ ဦးကျော်ညွန့်စိန်–ဒေါ်သန်းသန်းအေးတို့၏မိခင်ဖြစ်သူ ဒေါ်အုန်းရွှေ (တောင်ငူ) ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါကြောင်း။

ဦးမောင်မောင်မိသားစု
အနာကြီးရောဂါတိုက်ဖျက်ရေးဌာန၊ မကွေးမြို့။

အမြန်ရောင်းမည်

တာမွေ၊ ယုဇနပလာဇာနောက်၊ 80'x80'၊ မြေပေါ်တစ်ထပ်တိုက်၊ 3000 ft²၊ လူနေပစ္စည်းထား။

ဖုန်း–၅၁၅၀၆၅၊ ၀၉၈၀ ၂၅၁၅၀။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။**

ခွေးရောင်းရန်

ဂျာမန် IMPOမျိုး အယ်ဖေးရှင်းသားပေါက်များနှင့် DISCUS Fishမျိုးစုံ ရောင်းရန်ရှိသည်။

No-118၊ ဗိုလ်ရွဲလမ်း(လသာမြို့နယ်) ၂၄၉၆၇၅။

ရဟန်းအမကြီး
ဒေါ်တင်တင်မြ(ခ)ဒေါ်မြမြ
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၃၈)(ပထပ်)၊ (၄၆)လမ်းနေ (ဦးဘစူး–ဒေါ်သောင်း) တို့၏သမီး၊ (ဦးဘအေး) (ဦးစံမြသား ရွှေ၊ ငွေ၊ စက္ကူ၊ တံဆိပ်လုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ကြည် (ကပရ၊ အခြေစိုက်–၁)၊ ဦးသိန်းထွန်း၊ ဦးဘိုဘို အေး၊ ဒေါ်စန္ဒာအေးတို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၉–၆–၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅–၇–၂၀၀၄ (တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားနာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
ဦးထင်ကျော်(၈၇)နှစ်
နာယက၊ ကန်တော့ခံပုဂ္ဂိုလ်

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်နေ (ဦးမောင်ကြီး–ဒေါ်သီလှ)တို့၏သား၊ (ဆရာကြီးဦးဘရှိန်–ဒေါ်အုံး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ (၆)လမ်း၊ အမှတ်(၃၀၁)နေ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဦးခင်မောင်တင့်(ပြန်/ဆက်ဦးစီးအရာရှိ၊ ငြိမ်း)၊ ဦးခင်မောင်မြင့်(ဒု/ညွှန်မှူး၊ ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)–ဒေါ်ကင်ပု(လ/ထ တိုင်းစီမံကိန်းမှူး၊ ငြိမ်း)၊ ဒေါ်ရင်ရင်သန်း(ဌာနစုမှူး၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)၊ဦးစံမောင်ဦး–ဒေါ်ခင်အေးကြွယ် (ဒေးဒရဲ)၊ ဦးမျိုးလွင်–ဒေါ်ရင်ရင်သောင်း (ဦးစီးအရာရှိ၊နယ်စပ်/စည်ပင်)၊ ဦးအုံ့ကြည်(တပ်မတော်၊ ရေ)–ဒေါ်လှလှအေး (ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးမျိုးညွှန့်–ဒေါ်ကြူကြူဝင်းတို့၏ ဖခင်သည် ၂၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသားများအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ရဟန်းဒါယကာ
ဦးအောင်မင်း B.A (Geo)
အသက်(၅၆)နှစ်
စာရင်းစစ်မှူး (ငြိမ်း)

တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၀၁)နေ (ဦးအောင်သိန်း–ဒေါ်မြညွှန့်)တို့၏သား၊ (ဦးစံဖဲ)–ဒေါ်တဆုတ်တို့၏သားသမက်၊ ဒေါ်စန်း၏ခင်ပွန်း၊ ဦးသိန်းလွင်–ဒေါ်ခင်မြသိန်းတို့၏အစ်ကို၊ ကိုသီဟအောင်–မခိုင်ခိုင်သင်း၊ ကိုဘိုဘိုအောင်–မမိုးမိုး၊ မမော်မော်အောင်၊ မစန္ဒီအောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ထူးအောင်လွင် (GTCသန်လျင်)၊ မောင်တိုးအောင်လွင်တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးဖြစ်သူသည် ၂၈–၆–၂၀၀၄ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄တွင် ရေဝေး သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသာထွန်း(စစ်တွေ)
အသက်(၉၄)နှစ်
ရဲအုပ်(အငြိမ်းစား)

စစ်တွေမြို့၊ မိဖုရပ်ကွက်၊ ငပိန်လမ်းနေ ဒေါ်စောလှ(ခ)ဒေါ်မဲကာ၏ခင်ပွန်း၊ (ဒေါ်အုံးတင်–စုံစမ်းရေးမှူး/ကျန်းမာ)–ဦးစောဖေ(ရွှေပြည်စိုးသစ်စက်)၊ ဒေါ်အုံးခင်–ဦးစံအေးကျော်(သ/မဦးစီး၊ကျောက်တော်)၊ဦးသန်းထွန်း(တရားရုံးချုပ်ရှေ့နေ)–ဒေါ်အေးခင်၊ ဒေါ်မခင်ညွန့်(သ/မဦးစီး၊ စစ်တွေ)–ဦးစံမောင်(UNDP)၊ (ဦးထွန်းဝင်း)–ဒေါ်မစောခင်(မူ–အုပ်)၊ ဦးထွန်းခင်(ကုန်သွယ်လယ်ယာ)– ဒေါ်တင်နု (ကျန်းမာ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးရှင်သည် ၂၇–၆–၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါ၍ ၂၈–၆–၂၀၀၄ ရက်တွင် အာကျိတ်တော်ကုန်း သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်မေ (ရေးမြို့)
အသက်(၈၈)နှစ်

ရေးမြို့၊ ရန်ကြီးအောင်ရပ်၊ နတ်မောက်လမ်း၊ အမှတ်(၃၄)နေ ဦးသာအောင်–ဒေါ်မှုံတို့၏သမီး၊ (ဦးဘသန်း)၏ဇနီး၊ ဦးတင်လှသန်း–ဒေါ်ခင်သိန်း၊ (ဦးတင်ဖေ)–ဒေါ်ဌေးရှင်၊ ဦးအုပ်စိုး–ဒေါ်စိန်ဌေး၊ ဦးသန်းစိုး–ဒေါ်သန်းညို၊ ဦးဟိန်းအောင် – ဒေါ်ခင်ဆွေဝင်း၊ (ဦးအောင်နိုင်) – ဒေါ်မြင့်မြင့်အေး၊ ဦးသောင်းထိုက်–ဒေါ်မြင့်မြင့်ရီတို့၏ မွေးမိခင်ကျေးဇူးရှင်၊ မြေး ၂၅ ယောက်၊ မြစ် ၂၈ယောက်တို့၏အဘွားသည် ၂၈–၆–၂၀၀၄ရက် နံနက် ၃း၃၂နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေးမြို့သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုတင်ညို (မြွန်တံဆာမြို့)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊အမှတ်(၂၈၃/၃)ပန်းဆိုးတန်းလမ်းနေ (ဦးအောင်နိုင်)–ဒေါ်ခင်သက်နိုင်တို့၏သား၊မသီတာမိုး၏ခင်ပွန်း၊ ကိုမြတ်သူ–မအေးအေးမြင့် (ရန်ကုန်စည်ပင်)၊ ကိုဝဏ္ဏ–ဒေါ်ခင်ခင်၊ မခင်ပပနိုင်(ရန်ကုန်စည်ပင်)တို့၏ညီ/မောင်၊ မောင်ထက်အာကာငြိမ်း၏ဖခင်သည် ၂၉–၆–၂၀၀၄ရက်တွင် ဒေါပုံမြို့နယ် ရတနာသီရိလမ်း နေအိမ်တွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ကြူ
အသက်(၇၁)နှစ်

တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာနေ (အသင်းဝင်အမှတ်–၆၁၆) ဦးတိုး၏ဇနီး ဒေါ်ကြူသည် ၂၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀–၆–၂၀၀၄ရက်တွင် ကျောက်ဆည်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးပါကြောင်း အသင်းသားများအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဒေါက်တာမောင်မောင်

(၁၉၉၄၊ ဇူလိုင်လ ၂ရက်)

"မြန်မာမိသားစုသည် တစ်ဦးအပေါ်တစ်ဦး
သံယောဇဉ်ကြီးတတ်ကြသည့်.....မိဘကသားသမီးများကို
ရင်အုပ်မကွာ စောင့်ရှောက်ကြသည့်.....သားသမီးများက
မိဘနှင့်အတူ နေရသည့်အခါ
ကျဉ်းကြပ်လှပါသည်ဟု ညည်းညူကြစေကာမူ
တကယ်ခွဲခွာလျှင်ကား တမ်းတလွမ်းဆွတ်ကြပြန်သည်....."

(ခွဲခွာသွားခဲ့သည်မှာ ၁၀နှစ်ပြည့်မြောက်ခဲ့ပါပြီ....)

ဇနီး-ဒေါ်ခင်မြင့်
သားသမီး-(၇)ဦးနှင့်မိသားစု
မြေး-(၁၁)ဦး
မြစ်-(၁)ဦး

ဦးဘအုံး(၈၂)နှစ်

အငြိမ်းစားကျောင်းအုပ်ဆရာကြီး
(ရေးမြို့-လမိုင်း)

(ဦးဇိုက်-ဒေါ်ရွှေ)တို့၏ သား၊ (ဒေါ်ငွေအိမ်)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက် မဂ္ဂင်လမ်း၊ အမှတ်(၁၅)နေ (ဦးဘတင့်)-ဒေါ်ရင်တီတို့၏ မွေးသဖခင်၊ ဒေါက်တာတင်ထွန်း(ဆေးသိပ္ပံပညာဦးစီးဌာန)-ဒေါ်သန္တာအေး(နည်းပြ/သရုပ်ပြ-ကွန်ပျူတာတက္ကသိုလ်)၊ ကိုသက်မောင်မောင်-မသန်းသန်းခိုင်၊မောင်ဖြိုးကိုကို(3rd M.B.,B.S ဆေး-၂၊ ရန်ကုန်)၊ မဇင်ဇင်ယုတို့၏ အဘိုး၊ ရှင်းသန့်လှိုင်၏ အဘိုးသည် ၃၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်သန်းလှ(၆၆)နှစ်

(မော်လမြိုင်၊ ကတိုး)

မော်လမြိုင်မြို့၊ ကတိုးကျေးရွာနေ (ဦးသန့်ဇင်-ဒေါ်မာငယ်)တို့၏ သမီးကြီး၊ (ဦးစံဦး-ဒေါ်စိန်ခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၉၉၊ဒီ-၃၊ဒီ-၄)နေ ဦးမြသီး (နိုင်ငံခြားသစ်ကိုယ်စားလှယ်)၏ ချစ်လှစွာသော ဇနီး၊ဦးမျိုးသန်း(ဌာနေကိုယ်စားလှယ် BKK)-ဒေါ်မြမြသန်း (ကထိက၊ သချာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးလှိုင်ဒင်စိုး(မန်နေဂျာ၊ မြန်မာ့ကြံလုပ်ငန်း)-ဒေါ်မြမြချို (ဌာနေကိုယ်စားလှယ်၊MUMBAI)၊ဦးညီညီစိုး(ဌာနေကိုယ်စားလှယ်၊ H.K, MUMBAI)-ဒေါ်စန္ဒာဇော်၊ဦးမျိုးလွင်ဦး(ဌာနေကိုယ်စားလှယ် MUMBAI)၊ ဒေါ်ခင်ငြိမ်းငြိမ်း၊ ဦးကိုကိုလေး(ဖိုးချို)(ဌာနေကိုယ်စားလှယ် SINGAPORE)-ဒေါ်ချိုမီမီအောင်တို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၃၀-၆-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးကုခန်း၌ ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းလှ (၆၆)နှစ်

(မော်လမြိုင်-ကတိုး)

ကြီးမေကြီး ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မိုးမိုး၊ ကိုမျိုး-ဝိုင်း မိသားစု၊ အင်္ဂလေး။

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
(နာယက)

ဗိုလ်ကြီးတင်မြင့်(ငြိမ်း)(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၄)၊ မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ အသင်းနာယက ဦးတင်မြင့်(ခ) ဦးညိုကြီးသည် ၂၉-၆-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၇-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့။

ဦးတင်ငွေ (၅၃)နှစ်

(ငြိမ်းချမ်းစတိုး)၊ (ဒေးဒရဲ)

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နေ၊ ဦးအလင်း-ဒေါ်ညွန့်တို့၏ သား၊ ဦးစွမ်ဟုတ်-ဒေါ်ကျင်မြတို့၏ သားသမက်၊ ဦးတင်ဝင်း-ဒေါ်ခင်ခင်တို့၏ ညီ၊ ကိုတင်စိန်-မခင်ခင်သန်း၊ ကိုချစ်မင်း-မမွှေးမွှေးလင်း၊ ကိုတင်ဌေး-ဒေါ်သန်းသန်းဌေး တို့၏အစ်ကို၊ အမှတ်(၃၄)၊ ကမ်းနားလမ်းနေ ဒေါ်လှလှဝင်း၏ခင်ပွန်း၊ ဖြေ လှလှဇော်၊ ဂျူလိုင်ဝင်းမင်းထွန်း၊ မတ် လှမင်းထွန်း၊ ဂျွန်မင်းမင်းဇော်တို့၏ ဖခင် တူ၊ တူမ ၁၂ယောက်တို့၏ ဘကြီးသည်၂၉-၆-၂၀၀၄(အင်္ဂါနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၇-၂၀၀၄ (ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ဒေးဒရဲမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်စိုး (၅၁)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး
(မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း)

ရန်ကုန်မြို့နေ (ဦးအောင်သန်း)-ဒေါ်တင်မြတို့၏သားကြီး၊ ပဲခူးတိုင်း၊ ပြည်မြို့နေ ဦးမောင်မောင်-ဒေါ်စန်းရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၉၆)၊ (A/4)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ မောင်နန္ဒကျော်(G.T.C ပြည်)၊ မောင်ဖုန်းမောင်မောင်ကျော် (G.T.C၊ ပြည်)၊ မခိုင်သဇင်စိုး(VI-A၊ အထက-၅၊ ပြည်)တို့၏မွေးသဖခင်၊ ဒေါ်ဝေဝေနွဲ့၏ ခင်ပွန်း ဦးတင်စိုးသည် အာရှတော်ဝင်ဆေးခန်း၌ ၁-၇-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းကျောင်းအမကြီး

ဒေါ်ခင်ဆွေ (၇၇) နှစ်

(ဦးငြိမ်း-ဒေါ်မိ)တို့၏ သမီး၊ (ဦးချစ်ကြည်၊ မီးရထားအငြိမ်းစား)၏ ဇနီး၊ (ဒေါ်ခင်မေ)၊ ဒေါ်ခင်ကြွေ၏ ညီမ၊ ဒေါ်ခင်ငွေ၊ (ဦးကျော်ဝင်း)၊ (ဦးမြဟန်)တို့၏ အစ်မ၊ ဦးမြဦး-ဒေါ်သန်းမြင့်၊ ဦးကျော်မိုး-ဒေါ်ခင်သန်းမြင့်၊ (ဦးအောင်မြင့်ကျော်)-ဒေါ်ခင်မြသွင်၊ ဦးဟန်မောင်-ဒေါ်ခင်သန်းနွဲ့၊ (ဦးကြည်ဆွေ)-ဒေါ်တင်တင်ဝင်း၊ ဦးသန်းထိုက်-ဒေါ်စန်းစန်းဦး၊ ဦးသန်းစိုးအောင်-(ဒေါ်ခင်သန်းအေး)၊ ဦးချစ်ဆွေ-ဒေါ်ဥမ္မာမြင့်၊ ဦးကြည်ဝင်း-(ဒေါ်ခင်ပြုံးဇင်)၊ ဦးလွင်ကြည်-ဒေါ်အေးအေးမော်၊ မောင်ကြည်ထွန်း-မအိအိဝင်းတို့၏ မွေးသမိခင်၊ မြေး ၃၂ယောက်၊ မြစ် ၁၁ယောက်တို့၏ ဘွားဘွားသည် ၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးစံထွန်းအောင်(၆၇)နှစ်

နေလတည်းခိုခန်းပိုင်ရှင်(စစ်တွေ)

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ လမ်းမကြီးနေ (ဦးအောင်ဖော်ဦး-ဒေါ်မနု)တို့၏ သား၊ (ဦးရွှေသာ-ဒေါ်နုသာဖြူ)တို့၏ သားသမက်၊ ဦးဦး ထွန်း-(ဒေါ်စိန်စိုးဦး)၊ ဒေါ်စိန်ကျော့-ဦးလေထွန်းဦး၊ ဦးစံလှ-ဒေါ်ဝင်းမေ၊ ဦးလှသံ-ဒေါ်အေးကျော့၊ ဒေါ်စောယဉ်နု-ဦးကျော်သိန်းတို့၏ ညီ/မောင်၊ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၉)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ်(၂၅၃)နေ ဒေါ်ဦးခင်လှ(ထ-၂၊ စစ်တွေ)၏ ခင်ပွန်း၊ မစန္ဒာနေဦး (တ/နှစ်၊စီးပွားရေး)၊ နေမင်းအောင်ဇော် (နောက်ဆုံးနှစ်၊ ရူပ၊ ဒဂုံတက္ကသိုလ်)၊ မယဉ်ယဉ်ဖြူ (ဒသမတန်း၊ထ-၂၊ ရန်ကင်း) တို့၏မွေးသဖခင်၊ တူ၊ တူမ ၂၁ ယောက်တို့၏ ဘကြီးသည် ၃၀-၆-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာန၌ကွယ်လွန်ပါ၍ ၂-၇-၂၀၀၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများမွန်းလွဲ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်းအမကြီး

ဒေါ်လှဗျော့ (၉၇)နှစ်

(ဆယ်ရွာ၊ သုံးခွ)

ရန်ကုန်မြို့၊ အမှတ်(၅၂)၊ (၁၂၅)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဝိဇ္ဇာ-ဒေါ်မင်းပု)တို့၏ မြေး၊ (ဦးဖိုးသွယ်-ဒေါ်ရင်)တို့၏သမီး၊ (ဦးဘအေး-ဒေါ်စောတင်)တို့၏ ချွေးမ၊ (ဦးညွန့်မောင်)၏ ဇနီး၊ (စက်ရှင်မင်းကြီးဦးဘလှ-ဒေါ်လှတင်)၊ (ဦးသိန်းမောင်-ဒေါ်ခင်ညွန့်)၊ (ဦးမောင်မောင်တင်)တို့၏ ညီမ၊ ဦးကျော်မြင့်၊ ဦးမြင့်အောင်(တပ်မတော်သတ္တုပစ္စည်းစက်ရုံ၊ အငြိမ်းစား)-ဒေါ်ညွန့်ရီ၊ (ဦးခင်)-ဒေါ်ခင်တိုး၊ ဦးစိန်သာ(ခ)ဦးတူး(သီရိမင်္ဂလာဈေး)-ဒေါ်တင်ရွှေ၊ ဦးခင်မောင်ရင်(စား/ဖျော်၊ အငြိမ်းစား)-ဒေါ်နွဲ့ရီ(အထက-၁၊ ဒေါပုံ)၊ (ဦးအောင်မင်း)-ဒေါ်ပြုံး၊ ဒေါ်ခင်မူ၊ ဦးမောင်မောင်စိုး(အောင်ဘာလေ)-ဒေါ်မိမိမွှေး(အမက-၁၂၊ သာကေတ)၊ ဦးလှမြင့်(မြန်မာ့ရေနံရောင်းဝယ်ရေး) - ဒေါ်နိုင်နိုင်ထွေး (ကုန်သွယ်/လယ်ယာ)တို့၏ကျေးဇူးရှင် မွေးသမိခင်၊ မြေး ၂၄ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁-၇-၂၀၀၄ (ကြာသပတေးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၅၂)၊ (၁၂၅)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးသန်းမောင်(ငြိမ်း)

အသက်(၈၃)နှစ်

မွန်ပြည်နယ်၊ ဘီလင်းမြို့နေ (ဦးဘိုနီ-ဒေါ်စောတင်)တို့၏ သား၊ မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ကတင်ရွာနေ (ဦးချစ်တီး-ဒေါ်ဖွား)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ မဓာဝီလမ်း၊ အမှတ်(၁၈)နေ (ဒေါ်ခင်စန်း)၏ ခင်ပွန်း၊ (ဦးစောဝင်း)-ဒေါ်ညိုမာ၊ (ဦးသန်းမြင့်)(အမှတ်-၅၊ ပရိဘောဂစက်ရုံ)-ဒေါ်ကေခိုင်လွင်၊ (ဦးဝင်းမြင့်-ဒေါ်ချိုမာ)၊ ဦးခင်မောင်ဇော်(တီကျစ်ကျောက်မီးသွေးတူးဖော်ရေးစခန်း)-ဒေါ်မြင့်မြင့်ဝင်း(အလက-၄၊ မ/ဥ)၊ ဦးမြင့်စိုး-ဒေါ်စန်းစန်းထွေး(စက်မှုလုပ်ငန်း)၊ ဦးကိုကိုအောင်(ခေတ္တ-မလေးရှား)-ဒေါ်နန့်အေးမော်(လ-ပြ၊ မ/ဥ)တို့၏ ဖခင်၊ မြေး ၁၀ယောက် တို့၏ အဘိုးသည် ၁-၇-၂၀၀၄ရက်တွင် အမှတ်(၁၂/၁၂၇၃)၊ ရွှေဇင်အေးလမ်း၊ ရွှေပေါက်ကံနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ညွန့် (၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ ကသစ်လမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဂျာဖွယ်-ဒေါ်အမာ)တို့၏သမီး (ဦးမေအောင်၊အငြိမ်းစား ယစ်မျိုးအရာရှိ)၏ဇနီး၊ ဒေါ်ခင်နီအောင်၊ ဦးချိုရွှေ-ဒေါ်ခင်ရီအောင်(ဒဂုံမြို့နယ်ကျန်းမာရေးဦးစီးဌာန)၊ (ဦးအောင်လှဝင်း)၊ ဦးအောင်ကျော်ဝင်း-ဒေါ်ခင်မျိုးညွန့်တို့၏မိခင်၊ ကျော်စွာလင်း၊ မနွယ်နွယ်ကျော်ဝင်း၊ မောင်ဒိဗ္ဗတို့၏ချစ်လှစွာသော အဘွားသည် ၃၀-၆-၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂-၇-၂၀၀၄(သောကြာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံသိန်း (၇၇)နှစ်

ကြယ်ငါးပွင့်(အငြိမ်းစား)
အင်္ဂါသမာဓိရာသက်ပန်အသင်းဝင်

ငါးသိုင်းချောင်းမြို့နေ (ဦးထွန်းရှိန်-ဒေါ်အေးညွန့်)တို့၏ သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၃၈) လေးလွှာနေ ဒေါ်ကြည်ကြည်တင်၏ ခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်သိန်းသိန်းကြည်၊ ဦးပိုင်-ဒေါ်ခင်ခင်လှိုင်၊ ဦးအောင်ကျော်စိုး-ဒေါ်စုစုမေ၊ (ဒေါ်မို့မို့ခင်)၊ ဦးထွန်းထွန်းလင်း-ဒေါ်မိမိငယ်၊ ဦးဝင်းမြင့်-ဒေါ်နှောင်း၊ (ဦးသိန်းထွေး)တို့၏ မွေးသဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံ သစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်မောင်ထွေး(၇၃)နှစ်

(ပေါင်းတည်)

ပဲခူးတိုင်း၊ ပေါင်းတည်မြို့နေ (ဦးစံတင်-ဒေါ်သန်းရှင်)တို့၏ သားထွေး၊ ရန်ကုန်မြို့နေ (ဦးရွှေဘ-ဒေါ်သိန်းမေ) တို့၏သားသမက်၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၅၂)နေ ဒေါ်မြ၏ ချစ်လှစွာသော ခင်ပွန်း၊ လပွတ္တာမြို့နေ Dr. ဦးထွန်းအေး-ဒေါ်တိုးတိုးဝင်း၊ မင်္ဂလာဒုံမြို့နေ ဦးအုန်းဌေး-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်မူမူအေး(အထက၊ ဟဲဟိုးမြို့)၊ (မောင်တင်ဌေးအောင်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်သန်း (၆၁)နှစ်

ခနေဗလ ဆန်စက်ပိုင်ရှင်
ဥက္ကဋ္ဌ၊ ဖျာပုံခရိုင်မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း

ဖျာပုံမြို့၊ အမှတ်(၄၅)၊ ချောင်းတွင်းလမ်းမကြီးနေ (ဦးမောင်-ဒေါ်အေး)တို့၏ သား၊ ဒေါ်ကျင်မေ၏တူ၊ ဒေါ်တင်ရီ၏ ခင်ပွန်း၊ ဦးမိုးဆွေ-ဒေါ်စီစီဖိုးရ (ဆောက်လုပ်ရေးရုံးချုပ်)၊ ဒေါ်အမာကြည်၊ ဒေါ်မြင့်မြင့်ရီ၊ ဦးရွှေတိုး-ဒေါ်ခင်စန်းတို့၏ အစ်ကိုကြီး၊ ဦးကျော်အေး-ဒေါ်ခေးခေး၊ ဦးသန့်ဇော်-ဒေါ်နုနုအောင်၊ မမြင့်မြင့်အောင်၊ ကိုသန့်စင်-မခိုင်ခိုင်မေဦး၊ ကိုတင်ကိုလတ်၊ မမြလေးဆင့်၊ မချောစု၊ မောင်မောင်ကျော်တို့၏ ချစ်လှစွာသော ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ လိပ်ဥကုန်းသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးထွန်းကြည် အသက်(၈၀)

(မုန့်ဟင်းခါး၊ လှိုင်ဈေးကြီး)

ဧရာဝတီတိုင်း၊ ထိန်တပင်ကျေးရွာနေ (ဦးဖိုးသစ်-ဒေါ်စိန်ချယ်)၏ သား၊ ဧရာဝတီတိုင်းနေ ဦးမောင်လှ၏ ညီ၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၅၂)နေ (ဒေါ်ကျင်ရွှေ)၏ ခင်ပွန်း၊ ဦးတင်ထွေး-ဒေါ်ကြည်ဝင်း၊ ဦးမြင့်အောင်-ဒေါ်သန်းဝင်း၊ ဦးတင်ဝင်း-ဒေါ်မြင့်ရီ၊ (ကိုအောင်သိန်းဝင်း)၊ ဦးအေးမင်း-ဒေါ်စိမ်းနွယ်ဝင်း၊ (ဦးအောင်ထွေးဝင်း)တို့၏ ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ (စနေနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ဇရပ်၊ကျောင်း၊ရဟန်း ဒါယိကာမကြီး

ဒေါ်စောရင် အသက်(၇၀)

(ထူးသန့်သစ်ဆိုင်)

ပဲခူးတိုင်း၊ မိုးညိုမြို့နယ်နေ (ဦးကျော်ရန်)-ဒေါ်စိန်တင်တို့၏ သမီးကြီး၊ (ဦးသင်းမောင်)-ဒေါ်သိန်းမြတို့၏ချွေးမ၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၇၃)နေ (ဦးတင်ဦး)၏ ဇနီး၊ ဒေါ်ခင်ဆွေဦး၊ ဦးဌေးဝင်း - ဒေါ်နွဲ့မြင့်ခင်၊ ဒေါ်ကြည်ကြည်နွယ်၊ ဦးအောင်နို-ဒေါ်ခိုင်ခိုင်နွယ်၊ ဦးရဲဝင်းခိုင်-ဒေါ်အေးအေးမြင့်တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

U Kim Khan Mung

အသက်(၅၄)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မြို့မရပ်ကွက်နေ (U Tun Khaw Zam)-Nu Awi Khaw Niangတို့၏သားကြီး၊ တီးတိန်မြို့၊ စကောလမ်းရပ်ကွက်နေ Nu Khup San Niang၏ဇနီး၊ U Khup Khan Mang- Nu Cing Khan Man၊ ရွှေဘိုမြို့နေ Nu Ning Lun Cing-ဦးအောင်တင့်ဆွေ၊ Nu Thang Khawm Cing- Pa Vung Khen Mang၊ ရန်ကုန်မြို့နေ Nu Cing Za Man-ဦးချာလီ(I.S.Y)၊ Nu Cing Suan Vung - Pa Khai Khen That၊ Nu Cing Khan Dim – Pa Vang Khan Mung တို့၏ အစ်ကိုကြီးသည် တီးတိန်မြို့ နေအိမ်၌ ၂၉-၆-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂-၇-၂၀၀၄ (သောကြာနေ့)တွင် တီးတိန်မြို့ ခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်ရွှေ(ဒေါ်တီ)

အသက်(၈၅)နှစ်
(ရေးမြို့)

ရေးမြို့နေ (ဦးဒု-ဒေါ်ချစ်စု)တို့၏ သမီး၊ ရေးမြို့၊ အမှတ်(၈၆)၊ တနင်္သာရီလမ်းမကြီး၊ သီရိနန္ဒာရပ်နေ ဒေါ်နှင်းရွှေ၏ညီမ၊ဦးရဲမြင့်-ဒေါ်မြသီ၊ အမှတ် (၂၄-B)၊ ပထမထပ်၊ ကြခင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးစိုးလွင်-ဒေါ်မိမိ ဆန်းတို့၏ မိခင်၊မခိုင်ချိုခန့်၊မလှိုင်လွင်လတ်၊ မောင်ရဲကောင်းမြတ်၊ ဗိုလ်ရဲဟိန်း ဇော်၊မနှင်းသွဲ့ဖြူတို့၏ အဘွား၊ မြစ်တစ် ယောက်၏ ဘွားဘွားကြီးသည် ၃၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄-၇-၂၀၀၄ (တနင်္ဂနွေနေ့)နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန် (၈၅)နှစ်

(သုဝဏ္ဏ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၄)၊ စက်မှု-၁၊ အရာရှိရိပ်သာဝင်းနေ (ဦးအောင်ကျင်)၏ ဇနီး၊ ဒေါ်သန်းသန်း၊ ဒုရဲမှူး ထိန်ဝင်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)-ဒုရဲအုပ်ခင်သန်းနု(သတင်းတပ်ဖွဲ့)၊ ဦးလှထွန်းမြင့်(စက်မှုဆေးဝါး)-ဒေါ်သိန်းသိန်းဝင်း(စက်မှုဆေးဝါး)၊ ဦးဌေးဝင်း(တနင်္သာရီတိုင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၊ မြိတ်မြို့)-ဒေါ်နီလာလွင်(ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ရုံးချုပ်)၊ ဦးအေးဝင်း-မသီသီချို(ရွှေထွန်းကုမ္ပဏီ)၊ မသူဇာဝင်းတို့၏ မိခင်၊ မောင်အောင်ကျော်စိုး၊ မောင်ကျော်ဇေယျာဝင်း၊ မသဉ္ဇာဌေးဝင်းတို့၏ အဘွားသည် အထက်ပါနေအိမ်၌၁-၇-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သန်းလှ (၆၆)နှစ်

(မော်လမြိုင်၊ ကတိုး)

မော်လမြိုင်၊ ကတိုးကျေးရွာနေ (ဦးသန့်ဇင်-ဒေါ်မာငယ်)တို့၏ သမီးကြီး၊ (ဦးစံဦး-ဒေါ်စိန်ခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊သံလွင်လမ်း၊ အမှတ်(၉၉)၊ ဒီ(၃)၊ဒီ(၄)နေ ဦးမြသီး(နိုင်ငံခြားသစ်ကိုယ်စားလှယ်)၏ ဇနီး၊ (ဦးလှတင်)-ဒေါ်ထား၊ (ဦးသောင်း)၊ (ဦးထွန်းရှိန်)-ဒေါ်ခင်ကြည်၊ (ဦးပန်းမြိုင်)တို့၏ ညီမ၊ ဦးသိန်းမြင့်-ဒေါ်ရွှေသင်၊ (ဦးညွန့်စိန်)-ဒေါ်စန်း၊ အရာခံဗိုလ်စိန်မြင့်-ဒေါ်သန်းသန်း၊ ဒေါ်မြင့်စိန်တို့၏အစ်မ၊ TTCမှ မောင်ဂုဏ်ရည်ကောင်းမြစ်၊ ကတ္တီပါမြမြစိုး၊ မြကြည်သာဦး၊ ချောမြဟေသီ၊ ကောင်းမြသွင်ထူး၊ သတိုးသီဟဇော်၊ မြအိချွေဦးနှင့်မသဲဦး၊ ဘေဘီငြိမ်းတို့၏ အဘွားသည် ၃၀-၆-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းအောင် (၅၈)နှစ်

ကျောင်းအုပ်ဆရာကြီး(အမက-၇၊ တာမွေ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၂)လမ်း၊အမှတ်(၁၂၅)နေ(ဦးပု-ဒေါ်တင်မြ)တို့၏ သား၊ ဒေါ်စန်းစန်းရီ(အထက-၁၀၊ တာမွေ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးထွဋ်ကျော်၏ ဖခင်သည် ၃၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂-၇-၂၀၀၄(သောကြာနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးဝင်းတင့်(ငြိမ်း)

အသက်(၅၀)
တဇ(၃)၊ ပြင်ဦးလွင်

ပြင်ဦးလွင်မြို့၊ ပြည်တော်သာရပ်ကွက်၊ (၄)လမ်းနေ (ဦးထွန်းကြွယ်-ဒေါ်ခင်ညွန့်)တို့၏ သား၊ ဦးသိန်းထွန်း-ဒေါ်အမာလွင်၊ ဦးဝင်းမြင့်-ဒေါ်စန်းစန်းမြင့်တို့၏ ညီ၊ ဦးညွန့်မောင်-ဒေါ်ဝင်းမြတ်နွယ်၊ (ဦးသိန်းဦး)-ဒေါ်နွဲ့နွဲ့အေး၊ ဦးအံ့ဘွယ်ထွန်း - ဒေါ်မိုးသီတာတို့၏ အစ်ကို၊ ဒေါ်အေးအေးမေ(အထက-၁၊ ပြင်ဦးလွင်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်သန့်စင်(အထက-၁၊ ပြင်ဦးလွင်)၊ မောင်ဖြိုးကျော်ကျော်(အထက-၃၊ မရမ်းကုန်း)တို့၏ ချစ်လှစွာသော ဖခင်၊ ဗိုလ်ကြီးဝင်းတင့်(ငြိမ်း)သည် ၁-၇-၂၀၀၄ရက်တွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဉာဏ

သိက္ခာတော်(၇၇)ဝါ၊ သက်တော်(၉၇)နှစ်
မြို့နယ် သြဝါဒါစရိယဆရာတော်
ထားဝယ်ရဟန်းတော်များအသင်း၏ သြဝါဒါစရိယ ဆရာတော်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ဓမ္မပါလကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မြို့နယ်သြဝါဒါစရိယ၊ ထားဝယ်ရဟန်းတော်များအသင်း၏ သြဝါဒါစရိယ ဘဒ္ဒန္တဉာဏသက်တော်ရှည်ဆရာတော်ကြီးသည်(၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ရက်)၊၂၈-၆-၂၀၀၄(တနင်္လာနေ့) ညနေ ၃း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်၇ရက်)၈-၇-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကိုဓမ္မပါလကျောင်းတိုက်ကြီးအတွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း။ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဝိလာသ

သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ မဟာဝတ္တုကံကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသသည် (၁၃၆၆ခု၊ ပထမဝါဆိုလဆန်း ၁၄ရက်) ၃၀-၆-၂၀၀၄ရက် ညနေ ၅း၄၀နာရီတွင် မဟာဝတ္တုကံကျောင်းတိုက်၌ပင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် (၁၃၆၆ခု ပထမဝါဆိုလပြည့်ကျော် ၅ရက်) ၆-၇-၂၀၀၄ရက်တွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တောင်ငူမြို့၊ ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်
ပဓာနနာယက ဆရာတော်

ဘဒ္ဒန္တ ဝိသာရဒပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယဗဟိုဝန်ဆောင်
သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်

ပဲခူးတိုင်း၊ တောင်ငူမြို့၊ မြို့ကြီးလမ်း၊ လောကုတ္တရာရပ်၊ ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ ရွှေကျင်နိကာယဗဟိုဝန်ဆောင်၊ ပဲခူးတိုင်းသံဃနာယက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိသာရဒပဏ္ဍိတသည်(၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း၁၄ရက်) ၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၀နာရီတွင် ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၆၆ခုနှစ် ပထဝါဆိုလပြည့်ကျော် ၅ရက်) ၆-၇-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကိုဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်အတွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း။ ဈာပနကော်မတီ။

ဒေါ်အုန်းကြည်(ခ)ဒေါ်မြင့်ရီ

အသက်(၇၀) (ပခုက္ကူ)
အလပြဆရာမ(ငြိမ်း)၊ အထက(၁)လသာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အခန်း(၁၂)၊ တိုက်(၆၈)၊ စံပြဖဆပလရပ်ကွက်နေ (ဦးရှန်-ဒေါ်ခင် ကြည်)တို့၏သမီး၊ (ဦးလှကြည်၊ ဟိုတယ်ခရီး)၏ဇနီး၊ ဒေါ်ခင်စန်း(အမကကျောင်းအုပ်၊ ငြိမ်း၊ ချောင်းကောင်)- ဦးစိုးအေး(အမကကျောင်းအုပ်၊ ငြိမ်း၊ ချောင်းကောင်)၊ (ဦးဝင်းမောင်၊ တိုင်း မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်ရေး၊ မကွေး-ဒေါ်တင်အေး)၊ (ဦးဝင်းအောင်၊ မြို့နယ်မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်/လယ်ယာ)-ဒေါ်စန်းစန်းမြင့်(မြို့နယ်မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်/လယ်ယာ၊ မြန်အောင်)တို့၏ ညီမ၊ ဒေါ်ခင်ညွန့်ရှိန်-(ဦးတင်ညွန့်၊ ညွှန်မှူး၊မြန်မာ့ရေနံ)၏အစ်မ၊ ဒေါ်ထူးထူးမြင့်(အထက်တန်းပြ၊တွံ့တေးကံဘဲ့၊အထက)၏ ချစ်လှစွာသော မိခင်သည် ၃၀-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်သန်းလှ (၆၆)နှစ်

(ဦးသန့်ဇင်-ဒေါ်အမာငယ်)တို့၏ သမီး၊ (ဦးစံဦး-ဒေါ်စိန်ခင်)တို့၏ သမီးချွေးမ၊ ဦးမြသီး(သစ်ဌာနေ ကိုယ်စားလှယ်)၏ ဇနီး၊ ဦးတင်ထွေး-ဒေါ်ခင်ငြိမ်းတို့၏ အစ်မ၊ မစန်းစန်းမော်၊ ကိုတင်ကိုဇင်-မကေသီမြင့်၊ မကေသွယ်ဇင်၊ မသွယ်သွယ်ဇင်၊ မသက်ပိုင်ဇင်၊ မဖြူဖြူဇင်၊ မောင်ထင်လင်းဇင်၊ မောင်နိုင်ဖြိုးဇင်၊ မောင်ကျော်ကိုကိုဇင်၊ မသဉ္ဇာဦး၊ မသင်းသင်းနိုင်တို့၏ကြီးမေ၊ ဝတ်ရည်ကို၊ ကောင်းမြတ်သူတို့၏ ဘွားလေးသည် ၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်လွင် (၆၃)နှစ်

(ဟသ္သာတ)

ဟသ္သာတမြို့၊ နတ်မော်ရွာနေ (ဦးလောစံ-ဒေါ်တင်လှ)တို့၏သမီး၊ (ဦးကျော်မြိုင်၊ လဝကမှူး)၏ဇနီး၊ ဦးတင်စိန်-ဒေါ်သန်းသန်း၊ ဦးတင်ငွေ-ဒေါ်ခင်မြဝင်း၊ (ဦးသိန်းအောင်)-ဒေါ်စိန်စိန်၊ ဦးကျော်ဝင်း-ဒေါ်ခင်အေးမော်တို့၏အစ်မ၊ ကိုကိုနိုင် R/O-ခင်စန်းယု၊ ကျော်သန့်လွင်-နီနီဇော်၊ ကျော်သစ်လွင်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် အမှတ်(၃၇၉/က)၊ စံပြ(၆)လမ်း၊ သဃ်န်းကျွန်းနေအိမ်၌ ၂၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၆-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ၃-၇-၂၀၀၄(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားပါသည်။ ကျန်ရစ်သူမိသားစု။

လော်ချောင်းလျှောင်(ခ)

ဦးမောင်ကြည် (၇၈)နှစ်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ (၂/၂၁၆-က) စိန်စီဂုဏ်ရောင်လမ်းနေ ဒေါ်လှိုင်ရင်၏ခင်ပွန်း၊ မောင်မောင်အေး၊ မောင်ကြည်သိန်း၊ မောင်စိုးမြင့်၊ မောင်တင်မြင့်၊ မနီနီခိုင်၊ မောင်ဝင်းမြင့်၊ မောင်မျိုးမြင့်၊ မအေးအေးခိုင်၊ မထားထားခိုင်၊ မောင်ရဲမြင့်တို့၏ မွေးသဖခင်သည် ၂၉-၆-၂၀၀၄ရက်တွင် ရွှေပြည်သာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး တရုတ်သင်္ချိုင်းသို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမ

ဒေါ်အေးသန်း (၅၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်(၈၁/၃-A)နေ (ဦးအောင်တင်-ဒေါ်တင်ငြိမ်း)တို့၏ သမီးကြီး၊ ဦးထွန်းရီ(Mariner-Shipping Co., Ltd.)၏ ချစ်လှစွာသော ဇနီး၊ ဦးမောင်(Uniqcon Co., Ltd.)-မဌေးဌေးရီ၊ မောင်တေဇ-မညိုညိုအေး၊ မောင်ကျော်ဇင်ထွန်း(Mariner Shipping Co., Ltd)-(မသွယ်သွယ်ထွန်း)၊ မောင်အေးကျော်သူ(တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ)၊ မောင်ပြည့်ဖြိုးကို (အထက-၆၊ အလုံ)တို့၏ ချစ်လှစွာသော မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဇူလိုင် ၁ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ ဂျပန်နိုင်ငံ တပ်မတော်တည်ထောင်သည့် နှစ် (၅၀)ပြည့်အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်ရာပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး **Mr. Yuji Miyamoto** နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။(သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော မြန်မာ့လက်ရွေးစင် မြားပစ်အသင်းနှင့် သတ္တမအကြိမ် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ကာယဗလအသင်းတို့အား ဂုဏ်ပြုပွဲတွင် ရွှေတံဆိပ်ဆုရ ကာယဗလအဖွဲ့မှ မင်းဇော်ဦးအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။ (အား/ကာ)

ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန အမိန့် ကြော်ငြာစာ အမှတ် (၃/၂၀၀၄)ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ရာ စာမျက်နှာ (၆)တွင် ဖော်ပြထားပါသည်။(သတင်းစဉ်)

အောင်ပွဲရ မြန်မာမြားပစ်အသင်းနှင့် မြန်မာကာယဗလအသင်းတို့အား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁

၂၀၀၄ခုနှစ် ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် မြားပစ်အသင်းနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဇွန် ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပခဲ့သော သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ကာယဗလအသင်းတို့အား ဂုဏ်ပြုပွဲကို ယမန်နေ့ည ၇နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ (Panda Hotel)၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

တက်ရောက်

ဂုဏ်ပြုပွဲအခမ်းအနားသို့ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ကာယဗလအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❁

ပေါ်တူဂီ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက် အကြိုဗိုလ်လုပွဲ၌ ဟော်လန်ကို အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၁

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့နံနက် ၁နာရီ ၁၅မိနစ်က ပေါ်တူဂီနိုင်ငံတွင်ကျင်းပရာ ကွင်းလုံးပြည့် တစ်ခဲနက်အားပေးကြသည့် ပရိသတ်များ၏ ရှေ့မှောက်၌ အိမ်ရှင် ပေါ်တူဂီအသင်းက ဟော်လန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

ပေါ်တူဂီအသင်းသည် ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် ၁၉၆၀၊ ၁၉၈၄၊ ၂၀၀၀ပြည့်နှစ်နှင့် ယခုနှစ်တို့၌ လေးကြိမ် ပါဝင်ယှဉ်ပြိုင်ရာ ၁၉၈၄ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ်တို့တွင် အကြိုဗိုလ်လုပွဲအဆင့် ရောက်ရှိခဲ့ပြီး ယခုနှစ်၌မှ ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်လာခြင်း ဖြစ်သည်။

နှစ်သင်းစလုံး ဗိုလ်လုပွဲ တက်ရောက်နိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ကစားကွက်၊ ကစားအားတွင် ပေါ်တူဂီက သာလွန်သဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။ ဟော်လန်အသင်းက ကွင်းလယ်၌ ဘောလုံးကို ထိန်းကစားမှု များနေပြီး အပြီးသတ်ဂိုးသွင်းမှု အားနည်းနေသည်။

ပေါ်တူဂီက ဂိုးသွင်းခွင့် ၁၂ကြိမ်ရရှိသည့်အနက် နှစ်ဂိုးရရှိခဲ့ပြီး ဟော်လန်က ဂိုးသွင်းခွင့် ခုနစ်ကြိမ်သာ ရရှိခဲ့သည်။ ဟော်လန်ရရှိသောဂိုးမှာလည်း ပေါ်တူဂီ နောက်ခံလူ ကိုယ့်ဂိုးကိုယ်သွင်းမိ၍ ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲကစားချိန် မိနစ် ၉၀ တွင် ဟော်လန်အသင်းက ဘောလုံးပိုင်ဆိုင်မှု **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✡

ရန်ကုန်မိုးရေချိန်

(၁-၇-၂၀၀၄)

ကမ္ဘာအေး	၀	ဒသမ	၂၈	လက်မ
ရန်ကုန်မြို့လယ်	၀	ဒသမ	၁၆	လက်မ
မင်္ဂလာဒုံ	၀	ဒသမ	၁၂	လက်မ

အဖွင့်ဂိုးသွင်းယူ

ယူရို-၂၀၀၄ ပထမဆီမီးဖိုင်နယ်ပွဲအဖြစ် အိမ်ရှင်ပေါ်တူဂီနှင့် ဟော်လန်တို့ ဇူလိုင် ၁ ရက်က ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီမှ ခရစ္စတီယာနို ရော်နယ်ဒိုက ခေါင်းတိုက်၍ အဖွင့်ဂိုးသွင်းယူစဉ်။

(ဓာတ်ပုံ-အင်တာနက်)